


## တရယူ တပါသယ် ကျွန်မပခုံးသား ဝန်ချီစက်

တနင်္သာရီတိုင်း မြိတ်မြို့သည် ကျွန်မဇာတိမြေမဟုတ်သော်လည်း ကျွန်မ၏ ပညာရေးဝန်းထမ်း အစပြု အခြေတည်ရာဒေသဖြစ်သဖြင့် ဒုတိယကြီးပြင်းရှင်သန်ရာမြေဟုပြောလျှင် ရမည်ထင်သည်။

ဆွဲခန့် ကျောင်းဆရာမ ဘဝအစတည်ရာ နုပျိုရှင်သန်ဆုံးကာလ အနုပညာ နှလုံးသွေးတို့ နိုးထ စီးသွန်သည့် စာရေးချင်စိတ်အရှိဆုံးအရွယ်ကာလ၊ ဒေသ ၊ ပယောဂတို့ တွန်းထိုးစေ့ဆော်မှုသည် ထိုဒေသ၌ ကျွန်မစိတ်ဝိဉာဉ် ပျံသန်းကျက်စားစေသော အားသွန်မှုတစ်ခု ဖြစ်ခဲ့သည်။

ပင်လယ်တံငါဝတ္ထုများ ၊ ပင်လယ်ကမ်းရိုးတန်းမှာ အခြေပြု နေထိုင်သူတို့၏ ဖြတ်သန်း ကျင်လည်ရာ ဘဝစာမျက်နှာ ဝတ္ထုများရေးသောအခါ ကျွန်မမွေးဖွားရာ ဇာတိ မွန်ပြည်နယ်သထုံမြို့သူ မြို့သားများက မိမိဇာတိမြို့အကြောင်းကိုတော့ မရေး၊ မြိတ်ဒေသဝန်းကျင်အကြောင်းကိုသာရေးရမည် လားဟု အပြစ်ဖွဲ့ကြဖူးသည်။

ထို့အတွက် ကျွန်မမှာ ပြန်ပြောစရာ (အကြောင်းပြစရာ) ရေရေရာရာ မရှိလှပါ။ စာရေးချင်စိတ် ဟူသည် နှလုံးသားစေ့ဆော်မှုနှင့် ဆိုင်သည့်ကိစ္စဆိုသော အချက်ကပင်လျှင် အခြားသော ဆင်ခြင်များ ထက် လုံလောက်ပြည့်စုံနေပြီ ဖြစ်သည်။

ကျွန်မ ပင်လယ်ကမ်းခြေသို့ ရောက်သွားစဉ်ကာလ။ ကျွန်မကိုယ်တိုင်ဘဝအမော ပင်လယ်ကြီး ထဲ ဖြတ်သန်းနေရသည်နှင့် တွေ့မြင်ထိစပ် မိသမျှ စာမဖွဲ့နိုင်သေးပါ။ သို့သော် ကမ်းခြေသောင်စပ်မှ

ခရုရောင်စုံများကို လောဘတကြီး ကောက်ယူသူတစ်ယောက်ကို မြင်ကွင်းအသစ်အဆန်း၊ အတွေ့အ ကြုံအသစ်အဆန်း၊ ဝေါဟာရအသစ်အဆန်း မြင် မြင်ရာ၊ ကြား ကြားရာ ဗဟုသုတများကို တစ်ကွဲစီ မဖြစ်အောင် ပုလဲလိုသီတွဲ စုဆောင်းခဲ့ရသည့်ကာလများကတော့ အမှန်တကယ်ပင် ရင့်မာကြာ ညောင်းခဲ့ပြီ ဖြစ်သည်။

မြိတ်မှ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်အလုပ်မှ အနားယူပြီးသောကာလများတွင် ထိုဒေသသို့ အကြိမ်ကြိမ်ပြန်သွားလျက် အသစ်အသစ်သော အတွေ့အကြုံတို့ကို ဆည်းပူးရတာ အခါခါပင်။ ပင်လယ်သည် ကျွန်မအတွက်ဆည်းပူးသင်အံ့မကုန်သောဘဝကျောင်းတော်ကြီးဖြစ်သည်။

ပင်လယ်မြင်လျှင် ငိုချင်၊ ပင်လယ်မြင်လျှင် ရယ်ချင် ပင်လယ်အပေါ် ချစ်ခြင်းမုန်းခြင်းတို့ တစ်ပြိုင်နက် ဖူးပွင့်၊ ပင်လယ်ရဲ့ အနှစ်အသား ကိုင်းလက်ရွက်ရှင် စိမ်းစိုမှုအပေါ် ကျေနပ်အားရ၊ ပင်လယ်ရဲ့ခက်မာကြမ်းရှမှုမှာ အခါခါ နောင်တရ။ လှိုင်းကြမ်းလေကြမ်းမိတိုင်း ပင်လယ်ကိုလာမိတာ ဒီတစ်ခါ နောက်ဆုံးပါပဲလို့ နောက်ဆုံးမဟုတ်သော ဆုံးဖြတ်ချက်တွေ အခါခါချမိ။ နောက်ဆုံးမဟုတ် သော ခြေလှမ်းများကလည်း ပင်လယ်ပြင်ဆီ အခေါက်ခေါက် ရောက်ဖြစ်ခဲ့မှုများ။

ကျွန်မသက်စွန့်ကြိုးပမ်း ခရီးဆန့်မိသမျှ ၊ တရယူ ၊ တပါသယ် ၊ တမှီနှိုက်၊ တစ်ဆုံးတူးဖော်မိ သမျှ စာဖတ်သူတွေကို ခင်းကျင်းပြသလိုက်ပါပြီ။ ကျွန်မနှလုံးသားနှင့် တွန်းတိုက်စေ့ဆော်မိသမျှ စာဖတ်သူတွေရဲ့ နှလုံးသား အာဟာရ ဖြစ်မည်ဆိုလျှင်........။

*

## ပင်လယ်ရဲ့ အတွင်းသားကိုဖွင့်ဖတ်

ဒီနေ့ "အိုအို" သိပ်ပျော်တယ်။ အိုအိုတို့ရွာက ကမ်းခြေမှာ စက်လှေတွေ မဆိုက်စဖူး အဆိုက် ထူးတဲ့အတွက်ကြောင့်ဆိုရင် မမှားဘူးပေါ့။ ရွာရှေ့ခပ်လှမ်းလှမ်းက ကျွန်းကြီးရှည်မျောမျော လန်းပိ ကျွန်းကိုသာ နေ့တိုင်းငေးနေရတာ ၊ မြို့က စက်လှေတွေဆိုက်တဲ့ မြင်ကွင်းမျိုးက ထူးခြားနေတာကိုး။ လှေပေါ်က သစ်တွေ ဝါးတွေချတဲ့အထိ အိုအိုငေးလို့ ကောင်းတုန်း၊ နောက်မှ သတိရပြီး အိမ်ပြန်ပြေး လာတော့ အိမ်မှာ အဖေက လူစိမ်းတွေနဲ့ အလုပ်ရှုပ်နေပြီ။ အဖေက အလုပ်ရှုပ်နေရာက အိုအို ငေးနေ တာကို သဘောပေါက်လို့ ထင်ပါရဲ့ လှမ်းပြောလိုက်တယ်။

" အိုအိုငယ် အဖေတို့ ဗိုလ်ချိုကျွန်းမှာ ဆလုံပွဲတော် လုပ်မလို့၊ အဲဒါမင်းလည်း ကူညီရမယ် "

" ဆလုံပွဲတော် "

အိုအို ဒီစကားကို နားမလည်ဘူး။ ဆလုံဆိုတာကိုတော့ သိတာပေ့ါ။ အိုအိုကိုယ်တိုင် ဆလုံပဲ ဟာ။ ဒီလိုလေ... အိုအို့ အဖေက အထက်သား၊ မယ်မယ်ကတော့ ပင်လယ်သူ ဆလုံမပေါ့။ အဖေက ပခုက္ကူသား အစစ်တဲ့၊ ဘယ်လိုပင်လယ်ရောက်ပြီး ဆလုံနဲ့ ဖူးစာဆုံတယ်မသိ၊ အဖေကမြိတ်မှာ အလုပ်လာလုပ်ရင်း အဲဒီ ကမှ ဘုတ်ပြင်း၊ ဘုတ်ပြင်းကနေ ဗိုလ်ချိုကျွန်းရောက်လာတယ်လို့ပြောတယ်။

အဖေ့စီးပွားရေးက ဆလုံတွေ ရေအောက်ဆင်းငုပ်တဲ့ ပင်လယ်မျှော့ဖြူ၊ မျှော့မဲ၊ ပြီးတော့ ဘဲဝန်းခွံ၊ ငါးကြီးအန်ဖတ်၊ ပငိုကောင်လိုအကောင်တွေက အစ

ဝယ်ပြီးပြန်ရောင်းတဲ့အလုပ်လုပ်ပါတယ် ရွာမှာတော့ စားနိုင်သောက်နိုင်ထဲမှာ ပါပါတယ်။ အဖေ့အလုပ်က ဆလုံတွေနဲ့ အဆက်အဆံများတော့ အိမ်ကို ဆလုံတွေ အဝင်အထွက်များတာပေါ့။

အခု အဖေက ရွာမှာ ဆလုံပွဲတော် လာလုပ်မယ်ပြောတော့ အိုအိုအတွက် ထူးဆန်းနေတာပေါ့။ ပွဲတော်ဆိုတာ ဘာလဲ။ ဇာတ်ပွဲသွင်းတာမျိုးလား။ အခုအချိန်သွားမေးရင် အငေါက်ခံရမှာသေချာတယ် မယ်မယ်ကို မေးရင်ကော မယ်မယ်က နင့်အဖေမေးလို့ပြောမှာပါပဲ။ မယ်မယ်က ဘာကလေးပဲဖြစ်ဖြစ် အဖေပြောမှ အဖေပြောတာအတည်။ အိမ်မှာ အဖေပြီးမှပြီးတယ်။

မယ်မယ်မှ မဟုတ်ပါဘူးလေ ရွာကလူတွေအတော်များများ အဖေ့စကားဆို နားထောင်ကြ တယ်။ တစ်ခုခုဆို အဖေ့လာ တိုင်ပင်တယ်။ အဖေက အားလုံးထဲမှာ ထူးခြားနေတဲ့ အထက်သားဟာ

ကိုး၊ အထက်သားဆိုလို့ ကျွန်းပေါ်ကို တစ်ခါတလေ တက်လာတတ်တဲ့ ရဲဘော်တွေကလွဲရင် အိုအိုတို့ မြင်မှမမြင်ဖူးပဲကိုး။

အဖေကတော့ အိုအိုကို တစ်ခါပြောဖူးတယ်။ ခေါင်းကို လက်နဲ့ထောက်ပြီး “ လူဆိုတာ ခေါင်းရှိရတယ် ” တဲ့။ အိုအို လေးတန်းရောက်နေပြီမို့ ဒီစကားဟာ ဦးနှောက်ကောင်းရတယ်လို့ ပြောတယ်ဆိုတာ နားလည်ပါတယ်။ ဆလုံတွေ ဆိုတာကလည်း ခေါင်းမရှိတာများတာကိုး။

“ သား အိုအိုငယ် စာတတ်အောင်သင်နော်၊ သားဟာ အမေ ဆလုံကမွေးလို့ ဆလုံတိုင်းရင်း သားဆိုတာ ငြင်းလို့မရပါဘူး။ ဒါပေမယ့် ဆလုံဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် စာတတ်မှ ဖြစ်မယ်။ စာမတတ် ရင် သူများ အောက်မှာနင်းပြားဖြစ်မယ်၊ ပင်လယ်နေတဲ့ ဆလုံတွေဟာ အကြွေးတင်ရင် ဆပ်မဆုံး တော့ဘူး၊ သူများခေါင်းပုံဖြတ်သလောက် ခံရတာ ဟာ စာမတတ်လို့ပေါ့ ”

အဖေက အဲဒီ လို ခဏခဏပြောတယ်။ ညနေစောင်းတော့ တောင်ရဲ့

အနောက်ဘက်ကမ်းခြေ ဆီ သားအဖနှစ်ယောက် ထွက်လာရင်း အဖေက စိတ်ရှည်လက်ရှည် ရှင်းပြတယ်။

“ သားဟာ မကြာခင် အရွယ်ရောက်တော့မှာမို့ ကိုယ့်လူမျိုး ဇစ်မြစ်ကို သိထားသင့်တယ်။ ဆလုံတိုင်းရင်းသားတွေဟာ ရေမှာပျော်မွေ့ပြီး ဘဝဝမ်းစာရှာဖွေရတဲ့အတွက် မွေးနှုန်းထက် သေနှုန်း များနေပြီ။ အစိုးရက အဲဒါတွေသိလို့ ဆလုံတွေကိုစုစည်းပြီး ရွာတည်ပေးတယ်။ စာသင်ကျောင်းတွေ တည်ထောင်ပေးတယ်။ အခု ဆလုံတွေရဲ့ ဘဝမြှင့်တင်ဖို့အတွက် ဆလုံပွဲတော်လုပ်ပြီး ဆလုံတွေကို စုစည်းစေဦးမှာ၊ မြို့က ဧည့်သည်တွေလာမယ်၊ အဖေတို့ ရွာခံတွေက ဧည့်သည်တွေအတွက် တည်းခို ဆောင်တွေ၊ ပြခန်းတွေ၊ ဆေးခန်းတွေဆောက်ရမယ်။ အဲဒါ ငါ့သားလည်း နိုင်သလောက် ကူပေါ့ကွာ ”

“ အခု တောင်ရှေ့မျက်နှာပြင်မှာ အဆောင်မလုံလောက်လို့ တောင်နောက်မှာ အဆောင် ဆောက်ဖို့ နေရာလာကြည့်တာ၊ နောက်ပြီး အိုအို စုဆောင်းထားတဲ့ ပစ္စည်းတွေ ဘာရှိလဲ။ ခရုခွံလှလှ ကြီးတွေရှိရင် အဖေ့ကိုပေး။ အဲ… ငှားပေါ့ ။ ဆလုံပြခန်းမှာ အထူးအဆန်းတွေလည်း ခင်းပြထားမယ် ”

“ ရှိတယ် အဖေ၊ ပိုက်လေ့လာကပ်တုန်းက အိုအိုရထားတဲ့ ခရုခွံကြီးတွေ ရှိတယ်။ ပြီးတော့ မြန်မာလို အိုအို မခေါ်တတ်တဲ့ အကောင်တွေလည်း ရှိသေးတယ်။ ပွဲတော်ကျရင် ဇာတ်ပွဲတွေ ဘာတွေ လာကဦးမှာလား ”

“ လာမှာပေ့ါ၊ ဇာတ်ပွဲတင်မက ထားဝယ်တို့ ကော့သောင်းတို့က ယဉ်ကျေးမှုအကအဖွဲ့တွေ လည်း လာမယ်။ ဒီအနီးအနား ရွာနီးချုပ်စပ်က ဆလုံတွေ စုပေါင်းကတဲ့ ယိမ်းတွေလည်းပါမယ် ”

“ ဒါဆို ပျော်စရာကြီး ဝေ့… ”

အိုအိုတော့ ပျော်လွန်းလို့ သောင်ပြင်ဖွေးဖွေးပေါ် လျှောက်ပြေးတာကို အဖေက ပြုံးပြီးကြည့် လို့။ မနက်ဖြန် ကျောင်းရောက်ရင် ကျောင်းကကောင်တွေကို

သတင်းထူး ပြောရမယ်။ ဒီနေ့တော့ ကျောင်းပိတ်ထားလို့ အဖေ့နောက်လိုက်ပြီး ရှုပ်လိုက်ဦးမယ်။ လှေပေါ်က သစ်ပုံဝါးပုံတွေဆိုတာ အိုအိုတို့ အိမ်ရှေ့မှာ ဟီးဟီးထလို့။ ရွာက ဆလုံတွေလည်း စကားတွေ ဆူဆူညံအောင် တစ်ယောက် တစ်ပေါက် ဖောက်ဖောက်လှော်လို့။

ကလေးတွေကတော့ ဘာသိမှာလဲ သောင်ပြင်မှာ ပျော်လွန်းလို့ကျွမ်းတွေ ထိုးနေလိုက်ကြတာ။ အိုအိုကတော့ သူတို့အထင်ကြီးတဲ့လူ(အဖေ့ရဲ့သား) ဆိုတော့ အားလုံးထဲမှာ မျက်နှာရှိနေတော့တာ ပေါ့။ ဒီအကြောင်းတွေ သိချင်တဲ့ ရွာသားတွေက ဟိုက “ အိုအို ” ဒီက “ အိုအို ” နဲ့ မျက်နှာတွေပွင့်နေ လိုက်တာ။

*

အိုး… ကျောင်းပိတ်လိုက်ပြီတဲ့။ ဆလုံပွဲတော်အတွက် ကျောင်းပိတ်လိုက်ပြီဆိုပဲ။ ဆရာမတွေ လည်း ပွဲတော်မှာ လုပ်အားပေးရမှာမို့ ကျောင်းကို ခဏပိတ်ထားမှာတဲ့။ ကျောင်းပိတ်ရင် ကျောင်းသား ပျော်တာပဲလေ။ အိုအိုတို့လည်း ပျော်တာပေါ့။

တကယ်ဆို ရက်နီးလာတာနဲ့အမျှ အိုအိုတို့လည်း မအားပါဘူး အဖေ့ကိုကူရ မယ်မယ်ကိုကူရ၊ မြို့က ဧည့်သည်တွေက အိုအိုတို့အိမ်မှာတည်းမှာတဲ့။ တည်းခိုဆောင်တွေ အများကြီးရှိပေမယ့် မြို့က လူကြီးတွေနဲ့ပတ်သက်တဲ့လူတွေ အိုအိုတို့အိမ်မှာ တည်းမှာတဲ့။ မယ်မယ်လည်း အိမ်ကို သန့်ရှင်းရေး တွေ ဘာတွေလုပ်ရတာ မောလို့။

“ အိုအိုငယ် မယ်မယ့်ကိုကူညီဦး၊ အိမ်မှာ ဗွီအိုင်ပီတွေတည်းမှာ ”

အဖေပြောတဲ့ ဗွီအိုင်ပီဆိုတာ ဘာပါလိမ့်၊ နောက်မှ

အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ သိရတယ်။ လာဆိုလည်းလာပေ့ါ။ တစ်ကျွန်းလုံး လှုပ်လှုပ်ရွရွ ... ဆူဆူညံညံနဲ့ ပြခန်းတွေ ဆောက်ကြ၊ သုံးရေရဖို့ လုပ်ကြနဲ့။ ရှင်းရှင်းပြောရရင် ရွာမှာက သောက်ရေတွင်းဆိုတာ တစ်တွင်းစ နှစ်တွင်းစသာ

ရှိတာ။ အခု လူတွေအများကြီး လာမှာဆိုတော့ နက်နက်တူးပြီး ဘုံဘိုင်ခေါင်း တပ်ထားတာ ထူးဆန်း နေတယ်။

အို.. ထူးဆန်းတာတွေ မမြင်ဖူးတာတွေတော့ အများကြီးပါပဲ။ အဖေပြောတဲ့ ဗွီအိုင်ပီအရေးကြီး တဲ့ လူတွေအတွက် နေစရာအဆောင်တွေ အိမ်သာတွေ ဆောက်နေကြတာ ထူးဆန်းနေလို့ သွားကြည့်ရတာ အမော။ သူတို့အတွက် အိမ်သာနှင့် အများသုံးတဲ့အိမ်သာ ဘာလို့ မတူသလဲ။ အိုအို စဉ်းစားလို့မရဘူး။

“ အဲ့ဒါ ဘိုထိုင်လို့ခေါ်တယ်။ နိုင်ငံခြားသားတွေလည်း လာမှာလေ။ သူတို့တက်တဲ့ အိမ်သာက အဲဒီ လိုပေ့ါ။ နိုင်ငံခြားသားက ဆလုံတွေကို သိပ်စိတ်ဝင်စားတယ်။ ဆလုံတွေ ရေငုပ်ကျွမ်းတာ၊ ပင်လယ်ကြမ်းပြင်အောက်က ပစ္စည်းတွေ ဆင်းငုပ်တာ သဘာဝ တရားကြီးနဲ့ နီးနီးကပ်ကပ်နေထိုင်တာ သူတို့ စိတ်ဝင်စားတယ် ”

သဘာဝ တရားကြီးနဲ့ နီးနီးကပ်ကပ်နေတယ်ဆိုတာ ဘယ်လိုလဲအဖေဆိုတော့ အဖေက ရယ်တယ်။ အဖေရယ်လိုက်ရင် သွားတွေဖွေးနေတာ သိပ်လှတယ်။ ဒီရွာက ဆလုံတွေနဲ့ မတူတာပေ့ါ ။ ဒီရွာက ယောကျ်ားမိန်းမအကုန် ကွမ်းတွေစားလို့ သွားတွေချေးကပ်ပြီး မည်းနေတာအရုပ်ဆိုး လိုက်တာ။ အဖေ့အသားကလည်း ပင်လယ်က လူတွေထက် ပိုဖြူတယ်။ အဖေက အိုအိုထက်တောင် ချောတယ်ပေ့ါ။

“ နင့် မယ်မယ် ကံကောင်းတယ်... နင့် မယ်မယ် ကံကောင်းတယ် ”

လို့ရှာက ဝုကျူးတို့

“ အနှောင်း ” ပြောလေ့ရှိတယ်၊ အနှောင်းဆိုတာ ဆလုံလို “ အမေ ” ကိုပြောတာပါ ။ အိုအိုတို့ကတော့ မြိတ်တို့ ဘုတ်ပြင်းတို့က ခေါ်သလို အမေကို မယ်မယ်လို့ပဲခေါ်တယ် ။ သူတို့နဲ့တော့ ဟိုဒင်း နည်းနည်း..... မတူဘူးပေါ့ ။ အဲဒါလည်း အဖေ့ကြောင့်နေမှာပါ။ အဖေက ဒီကခေါ်သလို “ အပေါင်း ” လို့ မခေါ်စေချင်ဘူး ။ မြန်မာဆန်ဆန် “ အဖေ ” လို့ပဲခေါ်စေချင်တာပါ။ အင်းလေ အဖေက မြန်မာပဲဟာ မြန်မာဆန်တာ ဘာဆန်းလဲ။

ဆန်းတာက အဖေ အထက်ကို မပြန်တဲ့ကိစ္စပါ ။ ဘာဖြစ်လို့လဲ မသိဘူး၊ အဖေက အထက် အကြောင်းပြောပေမယ့် ပြန်ဖို့တော့ တစ်ခါမှစကားမဟဘူး ။ မယ်မယ်ကတော့ အလည်အပတ် လိုက်ချင်ရှာတယ်။ ဟိုမှာသွားနေဖို့တော့ ။ အင်း.....

“ အိုအို မှတ်ထား၊ မယ်မယ်တို့ ဆလုံတွေဟာ ပင်လယ်ကိုပဲ ချစ်တယ်။ မြန်မာတွေနေရာမှာ လိုက်မနေဘူး။ မယ်မယ်တို့လိုက်သွားပြီး နေမယ်ဆို နင့်အဘုန်းက ပျော်မှာမဟုတ်ဘူး။ အဘုန်းမပျော် ရင် မယ်မယ်လည်း မပျော်ဘူး ”

“ အဘုန်း ” ဆိုလို့ အဘုန်းဆိုတာ အိုအို့မယ်မယ်ရဲ့ အဖေပေ့ါ။ မြန်မာလိုဆို “ အဘိုး ” ပေ့ါနော် ၊ အိုအို့မှာ အဘွားတော့ မရှိတော့ဘူး၊ အဘုန်းက ဒုံးပုလဲအော်မှာ တခြားသမီးတစ်ယောက်နဲ့ နေတယ်။ ကျောင်းပိတ်ရင် အဘုန်းတို့ရွာမှာ သွားနေရင်း ရေကူးသင်ရတာ ပျော်စရာကောင်းတယ်။ အဘုန်းလာရင် ပင်လယ်စာတွေ ပါလာတတ်တယ်။ သဲပလုပ်တို့ ဝါးပလုပ်တို့လို စားလို့ရတဲ့ အရာတွေ ပေ့ါ ။ အခု ဆလုံပွဲတော်မှာ အဘုန်းလည်း လာမယ်တဲ့။ ပျော်စရာတွေ ကတော့ တစ်လှေကြီးပါပဲ ။

ပြောရင်းဆိုရင်းက တဖြည်းဖြည်းနီးလာပြီ။ မနက်ဖြန်ဆို ပွဲတော် အကြိုနေ့၊ ညှော့သည်လှေ သင်္ဘောတွေ ဆိုက်တော့မှာတဲ့။ မြိတ်တို့

ကော့သောင်းတို့ဘက်က လူတွေကတော့ ရိုးနေပြီ။ အိုအို ရန်ကုန်ကလူတွေကို မြင်ချင်တာ ၊ ရုပ်ရှင်မင်းသားတွေ မင်းသမီးတွေလည်း ပါမယ်တဲ့။ အိုအိုလား ဝေဠုကျော်ကို ကြိုက်တယ်။ ခိုင်သင်းကြည်ကို ကြိုက်တယ်၊ သူတို့ပါလာရင် ကောင်းမှာ၊ နိုင်ငံခြားသား ဆိုတာကြီးကိုလည်း အိုအို မြင်ဖူးချင်လိုက်တာ။ မြင်ရင်တော့ ဆရာမသင်ထားပေးသလို How are you လို့ နှုတ်ဆက်လိုက်မှာပေ့ါ။

တကယ်တမ်း ကျွမ်းပေါ်ကို ဧည့်သည်တွေ တက်လာတော့ အိုအိုတို့မှာ အပျော်လွန်ပြီး မူးတောင်မူးကုန်တယ်။ လူတွေ… လူတွေ များလှတဲ့လူတွေ ။ ဦးထုပ်ဆောင်းထားတဲ့လူ၊ ဂျင်းဘောင်း ဘီဝတ်ထားတဲ့လူ၊ မိန်းမတွေမှာလည်း ဆံပင်အနီနဲ့မိန်းမ၊ အဝါနဲ့မိန်းမ၊ နေကာမျက်မှန်နဲ့ မိန်းမ၊ ဂါဝန် ကားကားကြီးနဲ့ မိန်းမ၊ ပုပုရှုရှု လှလှချောချော အို ဘယ်သူ့ကို ကြည့်ရမှန်းတောင် မသိဘူး။ မူးလိုက်တာ။

“ အို … လုအပ်ိုး … နာကျိဆမ်း … ဂျလန်ကပ်တိုင်း အို …ကူဂျက်နာ ကျိဆန်း … ”

အိုအိုတို့ နားမယဉ်တဲ့ ဆလုံသီချင်းကလည်း ခလုတ်နှိပ်လိုက်ရင် အသံထွက်တဲ့ဆီကနေ ထွက်လာလိုက်တာ၊ မယ်မယ်တို့ ကတဲ့အကလောက်မကြိုက်ပါဘူး၊ ရွာမှာ ပျော်ပွဲရွှင်ပွဲ နတ်တင်ပွဲဆို မယ်မယ်တို့ ရွယ်တူတွေ စုပေါင်း ကနေကျ။

မင်းချက်တဲ့ ဒန်အိုးကြီးတွေ ရေသယ်တဲ့ ပလပ်စတစ်ပုံးတွေကို ယောကျ်ားတွေက အားရပါးရတီး၊ မိန်းမတွေက အားရပါးရက၊ အမယ်ကြီးတွေက အားရပါးရဆို၊ အခုတော့ ခလုတ်နှိပ်ရင် အသံမြည်တဲ့ဟာကြီးနဲ့ဆိုနေတာ ဆလုံသီချင်းတဲ့လား၊ ကတဲ့လူတွေ ဝတ်ထားတာက မျက်စိနောက် စရာ၊ အဲ့ဒါ ဆလုံဝတ်စုံတဲ့လား။ အိုအို ရယ်ချင်တယ်၊ ဆလုံဝတ်စုံအစစ်ဆိုရင် … အစစ်ဆိုရင် … အပေါ်ပိုင်း အဝတ်မဝတ်ဘူးလေ အဲ့ဒါဆလုံဝတ်စုံပေ့ါ။

ထားဝယ်သူလေးတွေ ရေအိုးရွက်ပြီး ကတာ သိပ်ကြည့်လို့ကောင်းတယ်။ ရဟာယ်ရှင် xxx ရဟာယ်ရှင် xxx လို့ဆိုပြီး ကတဲ့ယိမ်းလည်းကောင်းတယ်။ ဖျော်ဖြေရေးတွေ ခဏနားတော့ အိုအိုလည်း ပွဲကြည့်စင်နားက တိုးထွက်လာမိတယ်။ ဟူး ... ချွေးတွေကိုရွဲလို့။ ကမ်းခြေသောင်စပ် ဘက်လေကောင်း လေသန့်ရှူဖို့ ထွက်လာလည်း လူတွေက သောင်ပြင်မှာ ခြေရာချင်း ထပ်နေလေ တော့ လူကြဲပါးမယ်ထင်ရတဲ့ အနောက်ဘက်ကမ်းခြေဘက် ထွက်လာမိတယ်။

အနောက်ဘက်ကမ်းခြေကို သွားချင်ရင် ကုန်းမြင့်ပြေပြေကို တက်ရဦးမှာပါ။ အဲဒီ ဘက် အခြမ်းမှာတော့ တည်းခိုဆောင်အချို့အပြင် ဘာမှမရှိဘူး။ အေးအေး ဆေးဆေး ရေကူးချင်သူတွေ တော့ သွားကြမယ်ထင်တယ်။ အိုအိုတစ်ယောက်လည်း တောတန်းကလေးကနေ ကွေ့ပတ်တက်လာ တော့ မမျှော်လင့်တဲ့ အသံတစ်သံကို ကြားလိုက်ရတယ်။

အလို ...

ကောင်မငယ်တစ်ယောက် ငိုနေပါလား။ အဝါပွင့်ပါတဲ့ ဂါဝန်ကလေးနဲ့ ကောင်မငယ်ဟာ အိုအို နဲ့ရွယ်တူလောက် ရှိဦးမှာပါ။

“ ဧည့်သည်ကောင်မငယ် ... ဧည့်သည်ကောင်မငယ် ”

ငိုနေတဲ့ မျက်လုံးတွေနဲ့ လှမ်းကြည့်ပေမယ့် အိုအို့အသံကို နားလည်ဟန် မတူဘူး။ သူ့ကို ကောင်မငယ်လို့ခေါ်တာ ထူးဆန်းနေသလား။ ဒါပေမယ့် အသံတော့ထွက်လာတယ်။

“ ငါ့ကို ... ငါ့ကို ကူညီပါ ။ အန်တီ ... အန်တီ ”

သူပြောနေတဲ့ အန်တီဆိုတာ အိုအို နားမလည်ဘူး။

“ အန်တီ ... ဘာလဲ ”

“ ဟိုဒင်း … အဒေါ် … အဒေါ် ငါ့အဒေါ်နဲ့ ကွဲသွားလို့ ”

ရပြီ … ဒီလောက်ဆို သဘောပေါက်ပြီ၊ ငါကူညီမယ်လို့ပြောပြီး ကောင်မငယ်ရဲ့ လက်ကိုဆွဲ တော့ တွန့်ဆုတ်တွန့်ဆုတ်နဲ့ရှန်းတယ်။ အင်းလေ အိုအိုပုံစံက သူတို့မြို့ကကောင်တွေလို မဟုတ်လို့ နေမှာပေ့ါ ။ သူ့ကို ကိုယ်ကလည်း ကူညီရဦးမယ်၊ သူဖြစ်နေပုံက အိုအိုနဲ့ မတူသလို မတန်သလို။ အိုအို ဆလုံဖြစ်နေလို့လား။

အဖေရှိတဲ့ ဆလုံအထိမ်းအမှတ်ပစ္စည်းတွေ ပြထားတဲ့ အခန်းမှာတော့ လူတွေဆိုတာ ကြိတ် ကြိတ်တိုးလို့၊ ဟော … ဖျော်ဖြေရေးအစီအစဉ်တောင် ပြန်စတော့မယ်။ အဖေက အိုအိုနဲ့ ဂါဝန်မလေး ကိုမြင်တော့ အံ့အားသင့်လို့။ အကြောင်းစုံပြောပြတော့ အဖေက ဂါဝန်မလေးကို စိတ်မပူနဲ့သမီး၊ ဦးလေး ကူညီမယ်တဲ့။ အဖေ့ကိုတော့ စကားသံကြောင့် သူက ချက်ချင်းယုံကြည် သွားတဲ့ပုံပါပဲ ။

ပြန်ကြားရေးကို ရောက်တော့ အသံချဲ့စက်နဲ့ နာမည်တစ်ခုကို အော်ပေးလိုက်တာ မကြာခင် အဆင်ပြေသွားပါတော့တယ်။ စောစောက သူပြောတဲ့ အန်တီဆိုတာနေမှာပေ့ါ ။ ဩော် အန်တီဆိုတဲ့ မိန်းမက တော်တော်ချောတာပဲ။ ပင်လယ်သူတွေနဲ့ကွာပ့ါ။ ဟာ … ဟ ဂါဝန်ဝါမလေးက ဒီလိုတော့ ပြုံးလို့ ပျော်လို့၊ သူပြုံးရင် ပါးချိုင့်ကလေးပေါ်သွားတာ ချစ်စရာ။

“ ကျေးဇူးတင်လိုက်တာဟယ် ၊ ငါ့အန်တီနဲ့ ပြန်တွေ့အောင် ကူညီတာ၊ ငါ့နာမည် ချယ်ရီတဲ့ ။ နင့်နာမည်ရော …

“ နာမည်လား ဗီတာ ”

“ ဗစ်တာလား ”

“ ဟင့်အင်း ဗီတာ ”

“ ခေါ်ရခက်လိုက်တာဟာ ငါတော့ ဗစ်တာပဲခေါ်မယ် လာ ...ဟိုမှာ သွားကြည့်ရအောင်၊ ပွဲပြန်စတော့မယ် ”

ဟင် ... ဒီလိုဆိုတော့ ဂါဝန်ဝါမလေး ... အဲလေ ချယ်ရီက အိုအို့ကို လက်တွေဘာတွေဆွဲလို့ ။ စောစောကနဲ့ တခြားစီ။ ဒါဆို စောစောက သူ့လက်ကို အကိုင်မခံတာ အိုအို ဆလုံဖြစ်နေလို့ မဟုတ်ဘူးပေ့ါ။

ဟော ...

အို ... လုအဗိုး နာကျိဆမ်း

ညရောက်တော့ မီးပုံပွဲနားမှာ လူတွေအုံပြီး ကနေကြတာ ငြီးငွေ့လာလို့ အဖေရှိတဲ့ ပြခန်းဘက် သွားရင် ကောင်းမလား၊ အိမ်ပြန်ရင် ကောင်းမလား၊ ဗွီအိုင်ပီတွေနဲ့ တိုးကျပ်နေတဲ့ အိမ်မှာလည်း အိပ်စရာမရှိ ရေလယ်မှာ ဆိုက်ကပ်ထားတဲ့ သင်္ဘောကြီးဆီက ဖျောက်အိုးမီးပန်းတွေ တက်လာတာ ငေးကြည့်ရင်း ချယ်ရီတစ်ယောက် ဘယ်လိုနေမှာပါလိမ့်လို့တွေးနေမိတယ် ။

“ ငါတို့ရောက်တော့ အဆောင်တွေက ပြည့်နေပြီဟ၊ ငါ့အန်တီက ကုမ္ပဏီ မှာလုပ်တော့ အဖွဲ့နဲ့ လာတာ၊ အဖွဲ့သားတွေကများတော့ အဲဒီ ဘက်မျက်နှာက အဆောင်တွေဆီ ရောက်သွားတာ၊ အလာ တုန်းက သင်္ဘောကြီးပေါ်မှာ ကြောက်လိုက်တာဟယ်၊ ငါ့မှာ တစ်ချိန်လုံး အန်နေတာ၊ ဒီရောက်တော့ ပင်ပန်းပြီး အိပ်ပျော်သွားတာ သူများနိုးလို့ ကိုယ်မနိုးတော့ ကျန်ခဲ့တာပေ့ါ၊ အန်တီက အိပ်ပါစေဆိုပြီး ချန်ခဲ့တာပါ ။ ငါနိုးတော့ ရှေ့မှာပင်လယ်ပဲမြင်ရတာ ကြောက်တာပေ့ါ၊ ကြောက်တာနဲ့ အန်တီတို့ နောက်လိုက်မယ်ဆိုပြီး ထွက်လာတာ လမ်းမှားပြီး နင်နဲ့တွေ့တာလေ ”

ချယ်ရီ့အသံကလေးက နားထောင်ကောင်းလိုက်တာ၊ သူ့အန်တီက အဖေနဲ့တွေ့ပြီး အိုအိုကို အဖေ့သားမှန်းလည်းသိရော ချယ်ရီကို စိတ်ချသွားတယ် ထင်ပါရဲ့။ ကမ်းခြေမှာ ခရကောက်သွားမယ် ဆို ထည့်တာပဲ။ အိုအိုတို့အဘိုး

ဒိုးပုလဲအောက်က ရောက်လာပြီး ဆလုံရိုးရာ လှေတော်ပြိုင်ပွဲဝင်တာ သွားကြည့်မယ်ဆိုလည်း ထည့်တာပဲ။

တောထဲက သစ်တုံးကြီး သုံးတုံးကို ရွယ်တူဖြတ်ပြီး အဖွဲ့သုံးဖွဲ့ခွဲလို့ လှေတော်ပြိုင်ကြတာ၊ အဘိုးက ခါးတောင်းမြဲအောင်ကျိုက်ပြီး သစ်တုံးကိုထွင်းကလော်နေတော့ ချယ်ရီက ဖင်ပြောင်ကြီး ဖင်ပြောင်ကြီးလို့ လက်ခုပ်လက်ဝါးတွေတီး ရယ်နေပုံက ချစ်စရာ၊ အဘိုးနဲ့အတူ ပါလာတဲ့ ဝါးပလုပ်ကို သကြားနဲ့ခေါက်ပြီး ကျွေးတာကို ကြိုက်ပေမယ့် သဲပလုပ်ကိုတော့ ဟိုအကောင်နဲ့တူလို့ ရွံသတဲ့။

အိုအိုလည်း ချယ်ရီဆို ဘယ်လိုစေတနာပေါက်နေမှန်းမသိ အဖေတောင်းတုန်းက မပေးဖြစ်ဘဲ ဥစ္စာခြောက်ထားတဲ့ ခရုခွံလှလှလေးတွေ ထုတ်ပေးတော့ ချယ်ရီမှာ ပျော်သွားလိုက်တာ။ သူ့လည်ပင်း ကကြိုးကလေးကို အမှတ်တရ ဖြုတ်ပေးတော့ အိုအို မယူရဲဘူး။ မြို့ကလူတွေ ချမ်းသာတော့ တန်ဖိုးကြီးပစ္စည်းတွေ သုံးမှာပေါ့ အိုအိုတို့နဲ့ မတန်ပါဘူး

“ ယူပါ ... ဇစ်တာရဲ့ ဒါက ပြဿနာမရှိပါဘူး၊ ဖန်စီပစ္စည်းပါ ”

“ ဖင်စီ ဟုတ်လား ”

“ ဖင်စီ မဟုတ်ပါဘူး၊ ဖန်စီပါ ၊ ဖန်စီဆိုတာ ပေ့ါပေ့ါပါးပါး ဈေးချိုချိုနဲ့ ဝယ်ယူအသုံးပြုလို့ရတဲ့ ပစ္စည်းဆန်းဆန်း လှလှလေးတွေကို ပြောတာပါ ။ ဒီဖန်စီဆွဲကြိုးလေးကို ချယ်ရီ သိပ်ကြိုက်တယ် ။ ဇစ်တာ့ကို အမှတ်တရပေးတာလေ ။ ဇစ်တာပေးတဲ့ ရောင်စုံခရုကလေးတွေကိုတော့ ညေ့ခန်းက စာအုပ်စင်မှာ အလှထားမယ်နော် ”

“ ဒါဆို ကမ်းခြေက ကောက်သွားတဲ့ ခရုခွံအသေးလေးတွေကကော ဘယ်မှာသုံးမှာလဲ ”

“ အင်း ... အဲဒါက အပေါက်ကလေးတွေ ဖောက်ပြီး အကျ.......

လက်ဖျားတွေ၊ ကော်လာအနား တွေမှာ သီမယ်လေ၊ ပင်လယ်ကရတဲ့ ပစ္စည်း ရန်ကုန်ရောက်တော့ ဆန်းနေမှာပေါ့ ”

အိုအိုတော့ ချယ်ရီပြောနေတာတွေကို နားမလည်တော့ဘူး ။ ခရုခွံတွေ အကျႌ....... မှာ ထည့်သီမယ် ဆိုတာ ။ အင်းလေ သူတို့မြို့ကြီးပြကြီးက အိုအိုတို့ နားမလည်တာတွေနဲ့ အပြည့်ဖြစ်နေမှာပါ။ ဒါမဆန်းပါဘူး ။ အိုအိုတို့ ဆီမှာလည်း သူတို့နားမလည်တာတွေ အများကြီးမဟုတ်လား ။ ဒါတွေမြင်ဖူး တွေ့ဖူးချင်လို့ မြို့ကနေ သင်္ဘောကြီးနဲ့ တကူးတကလာတာ မဟုတ်လား ။ အဖေတို့ပြတဲ့ ဆလုံပြခန်း တွေမှာ လူတွေ တိုးနေတာကြည့်ပါလား။ ပြခန်းနဲ့ကပ်နေတဲ့ ပန်းချီအရောင်းခန်းမှာလည်း ဆွဲထားတဲ့ ပုံက ပင်လယ်မြင်ကွင်းတွေချည်း အဲဒီ အထဲမှာ အမေ့ပုံတောင်ပါသေးရဲ့။ အဖေကတော့ နင့်အမေဟာ မြို့မှာသာဆို မော်ဒယ်ဂဲလ်ဖြစ်ပြီတဲ့ ။ မော်ဒယ်ဂဲလ်ဆိုတာ ဘာလဲ အဖေဆိုတော့ ပန်းချီဆွဲဖို့ရှေ့မှာ သရုပ်ပြ ထိုင်ပေးတဲ့လူကို ပြောတာတဲ့။

ပွဲတော်ပြင်ဆင်နေဆဲ ရက်တွေမှာ အမေ့ပုံကို ပန်းချီဆရာတွေလာဆွဲကြတာလေ၊ ပုံထဲမှာ အမေကတော့ ရှင်းရှင်းကလေးပဲ၊ ထမိန်ရင်လျားမှာ ခရုပုတီးတစ်ကုံးဆွဲလို့။ အဖေကတော့ အမေ နားမလည်တဲ့ စကားနဲ့ နချရယ်ဘူးသီးလို့ စ နေလေရဲ့။

အခုအချိန်ဆို ချယ်ရီ ဘယ်မှာရောက်နေပါလိမ့်၊ မီးပုံပွဲမှာ မရှိတာတော့ သေချာပါတယ်၊ နယ်လှည့်ဆက်ဆံရေးတပ်က လာပြတဲ့ ဇာတ်ပွဲမှာရောရှိမှာလား၊ ဒါမှမဟုတ် အနောက်ဘက်က အဆောင်မှာ စောစောစီးစီး ပြန်အိပ်နေပြီလား။ မနက်ဖြန် နေ့ခင်းလောက် သင်္ဘောကြီးပြန်ထွက်မယ် ဆိုတော့ ချယ်ရီတို့လည်း ရန်ကုန်ပြန်ပြီပေါ့ ။ နောက်တစ်ခါ ပြန်တွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊

ဒါကြောင့် ချယ်ရီပြန်ခါနီး တစ်ခုခု ပေးချင်စိတ်တွေများနေလို့ ဘိုတဲတွေဘက် လာခဲ့ပါလို့ မှာထား တယ်။ မေ့များ မေ့နေလို့ကတော့ ...။

*

လူတွေဟာ လာတုန်းကလည်း ကပျာကရာ၊ ပြန်တော့လည်း ကသုတ်ကရက်။ ကော့သောင်း၊ ဘုတ်ပြင်းဘက်ထွက်မည့် လှေတွေက ရေလယ်မှာဆိုတော့ သမ္ဗာန်ကလေးတွေနဲ့ ကူသယ်ခေါက် သည်ပေ့ါ ။ ပျားအုံကို တုတ်နဲ့ထိုးသလို မွစိတက်နေတဲ့ လူတွေကို ဖြတ်ကျော်ပြီး ဘိုတဲတွေဆီ ထွက်လာတော့ အဲဒီ ဘက်က ကမ်းခြေမှာ လူတွေရှင်းလင်းနေရဲ့။ ဘိုတဲတချို့မှာ ဘိုတွေရှိနေတုန်း၊ သူတို့မှာ ဓာတ်ပုံတွေ ရိုက်မဆုံးသေးဘူး ။

အိုအိုရောက်ပြီး မကြာဘူး၊ ချယ်ရီရောက်တာ။ ဒီနေ့တော့ ဂါဝန်ဝါမလေး မဟုတ်တော့ဘူး၊ ဂါဝန်ပြာမလေး ဖြစ်နေပြီ။ ကောင်းကင်ကပြာပြာ ရေပြင်ကပြာပြာ၊ ဂါဝန်က ပြာပြာ ...

“ ဟေး ... ဗစ်တာ ၊ အန်တီတို့အဖွဲ့ ကျွန်းကို တစ်ပတ်ပတ်ကြည့်မယ်ဆိုပြီး လှေနဲ့ထွက်သွား ကြပြီ၊ နင်ငါ့ကို လက်ဆောင်ပေးဦးမယ်ဆို မြန်မြန်ပေးလေ ”

“ ပေးမှာပေ့ါဟ ... ပေးချင်လို့ ဒီကိုခေါ်ထားတာ ခဏလေး ”

အိုအိုလေ ပြောပြောဆိုဆို အပေါ် အကျ‌ျ‌ီ ချွတ်ပြီး ဘောင်းဘီတိုကလေးနဲ့ ဝုန်းဆို ရေထဲခုန်ချ လိုက်တာပေ့ါ။ ဘိုတဲတွေက ရေထဲထုတ်ထားတာဆိုတော့ ခုန်ချတာနဲ့ ရေနက်ထဲရောက်သွားရော နည်းနည်းလေးဆက်ငုပ်လိုက်တာနဲ့ အိုအိုလိုချင်တဲ့အရာကို စမ်းမိတယ် ။ ခါတိုင်းဒီလောက်ယူရမခက် ပါဘူး ၊ အခု စိတ်လှုပ်ရှားနေလို့လား မသိဘူး ခဲရာခဲဆစ် ဖြုတ်နေရတာ ၊ ကျိုးသွား ပဲ့သွားလို့ မဖြစ်ဘူး။ ဒါမျိုးက မကျိုးမပဲ့မှ အဖိုးတန်တာ ဟော ... ရပြီ ... ရပြီ ...

အိုအို ရေပေါ်ကို ဘွားခနဲ ပေါ်လာတော့ ဘိုတဲပေါ်မှာ လူတွေအများကြီး ဖြစ်နေပြီ၊ အံ့ဩစရာ၊ ဟင် ... ချယ်ရီကလည်း ငိုလို့။

" ကောင်လေးတစ်ယောက် ရေထဲဆင်းသွားတာ မပေါ်လာတော့ဘူး။ လုပ်ပါဦး ကယ်ပါဦး ဗစ်တာ ... ဗစ်တာရေ ... "

" ရေထဲ ဆင်းသွားတာ ဧည့်သည်လား ၊ ဒီက ရွာခံလား ... "

" ဆလုံဆိုရင် မပူနဲ့ ပြန်ပေါ်လာလိမ့်မယ် "

တစ်ယောက်တစ်ပေါက် အသံဗလံတွေ ဆူညံလှချည့်၊ လက်စသတ်တော့ အိုအို မပြောမဆို ရေထဲဆင်းသွားတာ ချယ်ရီလန့်သွားတယ် ထင်ပါရဲ့။ ရေနစ်ပြီလို့လည်း ထင်နေမှာ အိုအိုကိုမြင်တော့ လူတွေ သဘောပေါက်သွားကြတယ်။ ချယ်ရီကလည်း အငိုမျက်လုံး အပြုံးမျက်နှာနဲ့ ...

" ဘာဖြစ်ရမှာလဲ၊ နင့်အတွက် ကျောက်ပန်းခက် ဆင်းငုပ်တာလေ "

" ဘုရားရေ ..."

" ဒီကျောက်ပန်းခက်က ရေအောက်မှာနေတာ အောက်မှာ ရေညှိရေမှော်တွေနဲ့ဆိုတော့ ညှိနံ့နံ နေသေးတယ်၊ မြို့ရောက်ရင် မိုးရေထဲ ပစ်ထားလိုက်၊ ဒါဆို ဖွေးဖွေးဖြူလာမယ်၊ နင့်အတွက် ငါ့ရဲ့ လက်ဆောင်၊ နင်ပြောတဲ့ ဖန်စီတော့ မဟုတ်ဘူးနော် "

ဒီတော့မှ ချယ်ရီက ဟက်ဟက်ပက်ပက်ရယ်ပြီး ကျောက်ပန်းခက်ကြီးကို လှမ်းပွေ့တယ်။ လူတွေကလည်း အံ့ကြည့်လို့၊ အဖေတို့ပြခန်းဘက်ရောက်တော့ အဖေက စက္ကူပုံးကလေးတစ်ခုထဲကို ထည့်ပြီး အပြင်က သေသေချာချာ ကြိုးနဲ့ချည်ပေးတယ်။

" ဗစ်တာရယ်၊ ငါ နင့်ကို ဘယ်တော့မှ မမေ့တော့ပါဘူး။ ရေအောက်မှ ခဲရာခဲဆစ် ဆင်းငုပ်ပေး တဲ့ လက်ဆောင်ကို အမြတ်တနိုး ထားပါမယ်။ နင်တို့

ဆလုံတွေမှာ သဘာဝ တရားက ပေးအပ်တဲ့ စွမ်းအင်တစ်မျိုး ရှိတယ်ဆိုတာ ငါယုံသွားပါပြီ။ နင်နဲ့ခင်မင်ခဲ့ရတာ ၊ နင်ကျွေးတဲ့ အစာတွေ စားရတာ ၊ နင်ပေးတဲ့ လက်ဆောင်တွေ ယူရတာ နဲ့ ပတ်သက်ပြီး မြို့က ငါ့သူငယ်ချင်းတွေကို ပြောပြပ့ါမယ်။ နင့်ပုံ တွေလည်း ဟောဒီ ငါ့ ကင်မရာလေးထဲမှာ အများကြီး။ ဘယ်တော့မှ မမေ့ကြေးနော်။ နောင်နှစ် ဆလုံ ပွဲတော်မှာ ငါ လာဦးမယ်၊ နင် မျှော်နေပေ့ါ ”

အဲဒီ နေ့က အနောက်ဘက် အဆောင်ကနေ အိုအိုကိုယ်တိုင်ပစ္စည်းတွေသယ်ကူရင်း သဘော် ကြီးပေါ်ကို လိုက်ပို့ဖြစ်တာ အမှတ်တရပါပဲ။ အဖေလည်း မနေနိုင်မထိုင်နိုင် သူ့ပြခန်းကြီးပစ်ပြီး အိုအို သွားချင်တဲ့နောက်လိုက်ပေးရတာ ။ သဘော်ကြီးက အခြားလှေတွေလိုပဲ ရေလယ်မှာပဲဆိုက်ထားတာမို့ သမ္ဗာန် သုံးစီးနဲ့ လိုက်ပို့ရတာ ပါ။ အပေါ်မှာ လူပိုနေခွင့်မရှိလို့ ကျွန်းမကြီးဆီ မြန်မြန်ပြန်လာပြီး ဘိုတဲ တွေပေါ်ကနေ သဘော်ကြီးကို ခပ်ငေးငေးကြည့်နေမိတာ အိုအို တစ်ယောက်တည်းပေ့ါ။

သဘော်ကြီးထွက်တော့ လက်ရန်းကိုမှီပြီး ဗိုလ်ချိုကျွန်းကိုငေးနေတဲ့ ဂါဝန်ပြာပြာကလေး မျက်စိရှေ့က ပျောက်တဲ့အထိ ဘိုတဲပေါ်မှာ အိုအိုထိုင်နေမိတယ်။ သွားကြပြီ၊ သွားကုန်ကြပြီ၊ ရင်ထဲမှာ

ဟာတာတာနဲ့ ဘယ်လိုခံစားမှုမျိုးမှန်းမသိတဲ့ ခံစားမှုတစ်မျိုး။ အိုအို့စိတ်ကို လေးပင်စေတယ်။ တစ်ယောက်ယောက်ကို ပြောပြလို့မရတဲ့ ပြောပြလို့ မတတ်တဲ့ ဟာမျိုးပါ၊ အိုအို မပျော်တာ သေချာပါတယ်။

သောင်ပြင်ဖြူဖြူမှာ ကျွတ်ကျွတ်အိတ်တွေ ပလူပျံ့လို့။ ပြခန်းတွေဆီက ဖြုတ်သိမ်းတဲ့ သစ်ဝါး တွေဟာ အပုံလိုက်၊ ဆလုံတဲတွေရှေ့မှာတော့ ဆလုံအဘွားအိုတွေဟာ ပူလွန်းလို့ထင်ပါရဲ့ ထဘီ ရင်လျားနဲ့ သဲပြင်မှာဆင်းပြီး လူးလိမ့်နေလေရဲ့။ သူတို့က သူတို့သဘာဝ အတိုင်းနေပေမယ့် လက်ကျန် မပြန်သေးတဲ့ နိုင်ငံခြားသားတွေ ဓာတ်ပုံရိုက်နေတာတော့ အိုအို မကြိုက်ပါဘူး။

ဆလုံဆိုတာ သဲတော မှာ တိုးနေတဲ့လူလို့ ထင်သွားရင် ဘယ်လိုလုပ်မလဲ။

ပွဲတော်မစခင် တက်ကြွသလောက် ပွဲတော်ပြီးဆုံးသွားတဲ့အခါ အိုအိုစိတ်တွေ မပျော်ရွှင်တော့ တာ ဘာကြောင့်လဲ၊ ချယ်ရီဆိုတဲ့ မြို့သူလေးကြောင့်ထင်တယ်။ အသံစာစာကလေးကို နားထဲက မထွက်ဘူး။ ပါးချိုင့်ကလေးကိုရော၊ အငိုမျက်လုံး အပြုံးမျက်နှာကလေးကိုရော … လက်က အဖေ့ကို ကူနေရပေမယ့် စိတ်ကတော့ အဝေးမှာ၊ မျက်စိက သင်္ဘောကြီးထွက်ခွာရာ ပင်လယ်ပြင်ဆီ။

တဖြည်းဖြည်းနဲ့ ဗိုလ်ချိုကျွန်းဟာ အရင်အတိုင်း နေသားတကျဖြစ်သွားပါပြီ။ အိုအိုတို့ ကျောင်း တွေလည်း ပြန်ဖွင့်ပြီ။ စာတွေလည်း ပြန်သင်နေရပြီ။ အဖေက အိုအိုကို စာကြိုးစားတဲ့၊ စာတတ်မှ လူရာဝင်မှာတဲ့၊ ငါ့သားကို မြို့ကြီးပြကြီးပို့ပြီး ပညာသင်စေမယ်တဲ့။ ဆလုံတွေ ဘဝမြှင့်တင်ဖို့ ဆလုံတွေ စာတတ်မှ ဖြစ်မယ်တဲ့။

ကျောင်းမှာတော့ ဆလုံပွဲတော်ရဲ့ ပျော်စရာ ရွှင်စရာ အကြောင်းတွေ တစ်ယောက်တစ်ပေါက် ပြောလို့မကုန်ကြဘူး။ တစ်ခါမှ မတွေ့ဖူးတာတွေတွေ့ရ၊ မကြားဖူးတာတွေ ကြားရဆိုတော့ ပြောမဆုံး ဖြစ်နေတော့တာပေါ့။ ဒီကြားထဲမှာ အိုအိုတစ်ယောက်ပဲ အသံ တိတ်နေတာ။

မပြောချင်ဘူး၊ အိုအို ကြုံတွေ့ခဲ့ရတာ တွေဟာ အိုအိုတစ်ယောက်တည်းနဲ့ သက်ဆိုင်တယ် မဟုတ်လား။ တခြားလူတွေ ကြားသွားမှာစိုးတာလည်း ပါတာပေါ့။ ဘာကြောင့်မှန်းမသိ၊ ချယ်ရီ အကြောင်းကို ဘယ်သူမှ မသိစေချင်ဘူး။ ဒါကြောင့် လူကြားထဲမှာ ဒီအကြောင်းတွေ မပြောဘူး။ ဒါပေမယ့် အဖေကသိတယ်၊ ဘာဖြစ်လို့လဲ မသိဘူး၊ အိုအို ပင်လယ်ဘက်မျှော်နေတဲ့ ကိစ္စကို အဖေ သိနေတယ်။ အဖေက တစ်ခွန်းပဲ ပြောတယ်။

“ ချယ်ရီနဲ့ ပြန်တွေ့ချင်ရင် စာကြိုးစား ”တဲ့ ။

*

အချိန်တွေဟာ မြန်မြန်ကြီး ကုန်ဆုံးသွားတယ်။ ကောင်းကင်ကြီးကပြာဆဲ၊ ပင်လယ်ပြင်လည်း ပြာဆဲ၊ ဂါဝန်ပြာမလေးရေ ... အခုဆိုရင် ခြောက်နှစ်ဆိုတဲ့ အချိန်ဟာ ဖြတ်သန်းလွန်မြောက်ခဲ့ပြီ။ ကျွန်တော်တောင် ဘုတ်ပြင်း အ.ထ.က က ဆယ်တန်းအောင်ခဲ့ပြီလေ။ ရွာကို ပြန်ရောက်တော့ အဟောင်းတွေ အသစ်ဖြစ်ပြီး ဂါဝန်ပြာမလေးကို လွမ်းနေပါရော။

" အိုအိုလို့ မပြောနဲ့တော့လေ ငါ့သား ကလေးမဟုတ်တော့ဘူး၊ ဆယ်တန်းတောင် အောင်ပြီ။ အိုအိုဆိုတာ ကိုယ့်ကိုကိုယ် ကလေးလို့ပြောတဲ့ အဓိပ္ပာယ် မဟုတ်လား၊ အခု ငါ့သား ယောကျ်ားရင့်မ ကြီးဖြစ်ပြီ။ အဖေနဲ့ လှေလှော်ပြိုင်မလား ၊ အနောက်ကမ်းခြေမှာ သွားပြေးကြမလား "

အဖေက သူ့သားရဲ့ သန်မာထွားကြိုင်းလာမှုကို အားရနေလေရဲ့။ အနောက်ကမ်းခြေဆိုလို့ နောင်နှစ်ဆလုံပွဲတော်မှာ လာဦးမယ်ဆိုသွားသူကို သတိရမိပြန်တယ်။ နောင်နှစ် ဆလုံပွဲတော်က ဖြစ်မှမဖြစ်တော့ဘဲ မိန်းကလေးရယ် ၊ ကံကြမ္မာက တို့နှစ်ယောက်ကြားမှာ ရက်စက်လှချည့်။ အပျော် တွေ တို့မြည်းဖူးသွားတဲ့ ဆလုံတွေလည်း ပွဲတော်အပေါ် မျှော်လင့်ချက်တွေနဲ့ မောခဲ့ကြတာ အခုဆို ခြောက်နှစ်မြောက်ပါပြီ။

အဖေဟာ စာကြိုးစားခဲ့တဲ့ သားအပေါ် ကတိတည်ဖို့ ကြိုးစားရှာတယ်။ အမေကတော့ အဖေ့ အစီအစဉ်ကို လက်မခံချင်ပါဘူး။ ဘုတ်ပြင်းမှာ သွားထားခဲ့ရတဲ့သားကို အခုရန်ကုန်ပို့ဦးမယ်ဆိုတော့ အမေ ဘယ်ကြိုက်ပါ့မလဲ။ ဒါပေမယ့် အိမ်မှာ အဖေ့ဆုံးဖြတ်ချက်က အတည်ပါ။

" ကိုယ့်မိတ်ဆွေ ဦးစောဂျက်က အဏ္ဏဝါစိုးကုမ္ပဏီဆိုပြီး ငါးပုစွန်

အိတ်စပို့လုပ်ငန်း လုပ်နေတယ်။ အရင်တုန်းက ဝါးကျွန်းနဲ့ ယိုးဒယားပေ့ါ၊ အခု ရန်ကုန်မှာ ဖွင့်နေပြီ၊ အဲဒီ မှာ အလုပ်လုပ် ရင်း ဘွဲ့တစ်ခုရအောင် ယူရမယ်။ ပင်လယ်ကြီး ရှိနေသရွေ့ ပင်လယ်နဲ့ အသက်မွေးမှုလုပ်ငန်းတွေ ဘယ်တော့မှ မတိမ်ကောဘူး။ ပင်လယ်သားတစ်ယောက်အနေနဲ့ ဒီလုပ်ငန်းကို လေ့လာသင်ယူပြီး နိုင်ငံတကာဆီ တိုးဆန့်လှမ်းဝင်နိုင်ရမယ်။ ငါ့သား ရှေ့ကိုရောက်သွားရင် အဖေ့ပင်လယ်ထွက်ကုန် ဈေးကွက်လည်း ကျယ်ပြန့်လာနိုင်တယ်။ ဒါကြောင့် မင်း ရန်ကုန်ကို သွားမှဖြစ်မယ် ”

ဒီလိုဆိုတော့ အမေ့ခမျာ ဘာမှမပြောရှာတော့ပါဘူး။ ကျွန်တော့်အောက်မှာလည်း မောင်လေး ညီမလေး သုံးယောက်တာဝန် ရှိနေသေးတာကိုး။ ဒီလိုနဲ့ ရွာကနေ ကျွန်တော်ထွက်ခွာဖို့ ပြင်ဆင်ရပါ

တော့တယ်။ ကော့သောင်းလှေကြုံစောင့်ရင်း ကော့သောင်းကမှ ရန်ကုန်ကို လေယာဉ်နဲ့သွားရမှာပါ။ သွားခါနီး တော့ အဖေက-

“ မင်း ဟိုရောက်ရင် နေရေးစားရေး ကုမ္ပဏီမှာပဲ စီစဉ်ပေးလိမ့်မယ်။ ပညာရေးနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေပါအောင် ထည့်နော်၊ ဟောဒီမှာ လိပ်စာကတ်ပြားလေးတစ်ခု၊ ဒါ ချယ်ရီ့အဒေါ် အန်တီဒေါ်မြတ်မြတ်စိုးရဲ့ လိပ်စာကတ်ကလေးပါ ။ ရန်ကုန်ရောက်လို့ နေသားကျရင် မင်းသွားရှာလို့ ရပြီပေါ့ ။ ငါ့သား တာဝန်ကျေသလို အဖေလည်း တာဝန်ကျေပြီနော် ”

လက်ထဲက လက်သုံးလုံးစာ ကတ်ပြားကလေးကို ကျွန်တော် မျက်လုံးပေါက်ထွက်မတတ် စိုက်ကြည့်နေမိတယ် ။ လွန်ခဲ့တဲ့ ခြောက်နှစ်ကပေးသွားတာမို့ ဝါကျင်ကျင် ဖြစ်နေပေမယ့် ကျွန်တော့ အတွက်တော့ မျှော်လင့်ချက်အလင်းတွေ ပြိုးပြက်စေမယ့် အရာကလေးပဲပေ့ါ ။ ဒါကြောင့် အဖေက ကျွန်တော့်ကို စာကြိုးစားခိုင်းတာကိုး၊ ဆလုံတစ်ယောက် ရန်ကုန်ရောက်မယ့်ကိစ္စဆိုတာ လွယ်တာ မှတ်လို့။ အခုတော့ တကယ်ရောက်ရတော့မယ်ပေ့ါ ။ ချယ်ရီနဲ့လည်း ...။ ကျွန်တော် ချယ်ရီပေးသွား တဲ့

ဖန်စီကြိုးကလေးကို လည်ပင်းမှာ စမ်းလိုက်မိတယ် ။

*

တောသား မြို့တက်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ကျွန်တော် ဘယ်သွားသွား ဘတ်စ်ကား မစီးတတ် သေးဘူး ။ ရန်ကုန်ရောက်တာ တစ်ပတ်ကျော်ပြီ ၊ ဘယ်သွားသွား တက္ကစီနဲ့ ။ အခုလည်း လိပ်စာ ကတ်ပြားလေးထဲက အတိုင်းသွားဖို့ တက္ကစီပဲ ငှားလာရတာ လေ ။ မယ်မယ်ပေးလိုက်တဲ့ တင်းပေး ခြောက်တွေ၊ ငါးလိပ်ကျောက် အူခြောက်တွေ ၊ ရေခူတွေဆိုတာ နည်းတဲ့အထုပ်ကြီး မဟုတ်ဘူး။ ကျွန်တော့်ပုံက ကိုးရိုးကားယားများ နိုင်မလား။ ဘုတ်ပြင်းမှာ ကျောင်းတက်လာရတာ ဆိုတော့ တောဂိုက်မပေါက်အောင်တော့ ဝတ်ဆင်လာပါတယ်။

လိပ်စာအတိုင်း ကားရပ်တော့ ခြံဝင်းတစ်ခုထဲက တိုက်ပြာကလေးကို ကြည့်ပြီး နည်းနည်း တောင်ဝင်ဖို့ ရှိန်သွားတယ်။ အသားဖြူဝဝ အမယ်ကြီးတစ်ယောက်ထွက်လာပြီး မေးတော့ ဒေါ်မြတ်မြတ်စိုးရဲ့ လိပ်စာကတ်နဲ့ အဖေရဲ့ မိတ်ဆက်စာကို ပြလိုက်တယ်။

“ ဝင်ပါ မောင်ရင် … ဝင်ပါ ။ ဗိုလ်ချုပ်ကျွန်း မကြုံဂလက်ကဆိုရင်တော့ မြတ်မြတ်ရဲ့မိတ်ဆွေ ဆိုတာ အဘွားယုံပါတယ်။ မြတ်မြတ်တော့ မရှိဘူးကွယ့် ၊ သူ့အလုပ်က နေပြည်တော်ကို ပြောင်းသွား ရတော့ ၊အင်း … ချယ်ရီတော့ ရှိတယ်၊ အခု ကွန်ပျူတာသင်တန်းတစ်ခု တက်နေတာ လာတော့မှာပါ။ ဝင်ထိုင်ပြီး စောင့်ကွယ့်၊ အဘွား ကော်ဖီဖျော်လိုက်ဦးမယ် ”

ဧည့်ခန်းက မွှေးမွှေးအေးအေးကလေးမို့ ခြေမချရက်စရာ၊ ကြမ်းပြင်ကလည်း ပြောင်၊ ဆက်တီ တွေကလည်းလှ၊ ကျွန်တော်ပါလာတဲ့

ပင်လယ်စာအထုပ်ကြီး အခန်းထောင့်မှာချပြီး မရဲတရဲ ဆက်တီ ထိုင်ခုံပေါ်မှာ ထိုင်လိုက်တယ်။ အလို နံရံပေါ်မှာ ဓာတ်ပုံတွေ အများကြီးပါလား၊ သေသေချာချာ ကြည့် တော့ ချယ်ရီတို့ ဆလုံပွဲတော်လာတုန်းက ရိုက်သွားတဲ့ ပုံတွေပါလား။ အဲဒီ တုန်းက ချယ်ရီကငယ် ပေမယ့် ဓာတ်ပုံကောင်းကောင်း ရိုက်တတ်နေပြီ။ ရိုက်နေတာလည်း တဖျပ်ဖျပ်၊ ဟင် … ဒါ … ဒါ …. ကျွန်တော့်ပုံပါလား။ ဆလုံ လှေတစ်စင်းပေါ်တက်ပြီး ပုံပေးနေတဲ့ ကျွန်တော့်ပုံ ။ မမေ့သောဗစ်တာ … တဲ့ စာတန်းရေးထားသေးရဲ့

ကျွန်တော် စိတ်လှုပ်ရှားလွန်းလို့ အာခေါင်တွေတောင် ခြောက်လာပြီ၊ အဖေတို့ ပြခန်းရှေ့မှာ ရိုက်တဲ့ပုံ ၊ ဘိုတဲတွေနောက်ခံပြီး ရိုက်တဲ့ပုံ ဓာတ်ပုံတွေကို တကူးတက ဧည့်ခန်းမှာ ချိတ်ထားတာ ချယ်ရီရဲ့ အနွေးဓာတ်လား။ ဒီမှာလည်း ကျွန်တော် ရေအောက်ဆင်းငုပ်ယူပေးလိုက်တဲ့ ကျောက်ခက် ပန်းကြီးကို မှန်ပုံးနဲ့ ထည့်ထားသေးရဲ့။ အောက်မှာ ရေးထားတာက “ အသက်နဲ့ ထပ်တူ ”တဲ့ ။ ဘာတွေလဲ ဘာအဓိပ္ပာယ်လဲ ။

“ မောင်ရင် ကော်ဖီပူပူလေး သောက်လိုက်ပါဦး။ သြော် … ဓာတ်ပုံတွေ ကြည့်နေတာ ထင်တယ်။ ဆလုံကျွန်းက ပြန်လာပြီးကတည်းက သူ့မှာ အလုပ်တွေ ရှုပ်လိုက်တာလေ။ ပါလာတဲ့ ခရု တွေကိုလည်း တသိမ်းသိမ်းနဲ့ ဟိုအောက်က မှန့်ဗူးထဲမှာ ဘယ်သူမှ ကိုင်လို့မရဘူး။ ဒီလိုပါကွယ် ချယ်ရီက အဘွားသမီးငယ်က မွေးတဲ့မြေးပါ။ မိဘနှစ်ပါးစလုံး ကားအက်ဆီးဒင့်နဲ့ ဆုံးသွားပါပြီ၊ မွေးချင်းကလည်း မရှိတော့ အဖော်မင်ရှာတယ်။

လူတစ်ယောက်ကို ခင်ပြီဆို စွဲလမ်းနေရော၊ သူ့ကြီးကြီးကပဲ သမီးအရင်းလေးလို ပြုစုကျွေးမွေး ခဲ့ရတာ ပါ ။ သူ့မှာ ဆလုံပွဲတော်အကြောင်း ပြောလို့ကို မဆုံးဘူး၊ နှစ်တွေ ဘယ်လောက်ကြာကြာ သူ့မှာ ပြောစရာကိုမကုန်ဘူး၊ အနီးကပ်နေတဲ့ အဘွားပဲ မပျင်းမရိ နားထောင်ပေးရတာ ပေါ့ ။ နောင်နှစ် တွေမှာ သွားမယ်တကဲကဲပေါ့။ ဆလုံပွဲတော်က မဖြစ်တော့လို့၊ သူကြီးလာရင်

ဗိုလ်ချုပ်ကျွန်းကို တစ်ခေါက်လောက်တော့ ပြန်သွားဦးမတဲ့။ အခုလိုမျိုး ဟိုကလူ လာတာမြင်ရင် ဝမ်းသာရှာမှာ ... ”

အဘွားက မြေးချစ်အဘွားထင်ရဲ့ သူ့မြေးအကြောင်းပြောလိုက်တာ တပြုံးပြုံးနဲ့ ကျွန်တော် လည်းကော်ဖီကို သောက်ပါ သောက်ပါဆိုလို့ မော့သောက်လိုက်ရ ဘာအရသာမှ မတွေ့ဘူး၊ ပင်လယ်

သားတွေဟာ မိုးလင်းရင် ငါးခြောက်ဖုတ်နဲ့ ထမင်းကြမ်းစားမှ ဝမ်းလေးတာမဟုတ်လား မြို့က ကော်ဖီ တစ်ခွက်လောက်က ဘယ်ကြားထဲ ရောက်သွားမှန်းမသိ။

ကျွန်တော်လည်း ဘာပြောရမှန်းမသိလို့ မယ်မယ်က ငါးခြောက်တွေ ရေခူတွေ ထည့်ပေးလိုက် တဲ့အကြောင်း စကားမရှိစကားရှာ ပြောရတယ်။

“ ရေခူဆိုတာ အခုမှ ကြားဖူး စားဖူးတာပါကွယ်၊ အဘွားတို့ငယ်ငယ်က မကြားဖူးမစားဖူးပါဘူး။ ပင်လယ်လည်း မရောက်ဖူးတော့ ပင်လယ်စာတွေနဲ့ ဝေးတာပေါ့။ ချယ်ရီကတော့ ပွဲတော်ကပြန်လာပြီး ကတည်းက ပင်လယ်စာတွေ ခံတွင်းတွေ့လာတာလေ၊ ရေခူတော့ သံဈေးမှာ ဝယ်လို့ရတယ်။ သူ့မှာ ခဏခဏဝယ်ပြီး သုပ်စားရတာ အမော၊ မဆိုးဘူးကွဲ့ လူနဲ့တည့်တယ်ပြောတယ် ၊ စားလိုက်ရင် ထုတ် ... ထုတ်နဲ့။ ဟော ... ပြောရင်းဆိုရင်း ...

“ အဘွားရေ ... သမီးပြန်လာပြီ ”

ခြံဝင်းတံခါးကိုဖွင့်ပြီး ဝင်လာတဲ့အသံ၊ လူမမြင်ရခင် အသံအရင်ကြားရတာ အသံကတော့ မပြောင်းလဲပါလား၊ ပိုပြီး ကြည်လင်ဝေစည်လာတာကလွဲရင် ငယ်သံ မပျောက်သေးဘူး။ ဝင်ပေါက်ဝ မှာ ပေါ်လာတဲ့ ဘောင်းဘီရှည် ဆွဲသား အကျ ......။

ဆံပင်ညိုညိုဖြောင့်ဖြောင့်နဲ့ ကောင်မလေးဟာ ချယ်ရီတဲ့လား။ ကျွန်တော် စိတ်လှုပ်ရှားစွာနဲ့ မတ်တပ်ရပ်လိုက်ပါတယ်။

“ အဘွား .. သူက ဘယ်သူ ... ဟင် ... ဗစ်တာ ဗစ်တာ ... ”

သူ ကျွန်တော့်ကို ဗစ်တာမှန်း ဘာလို့ ချက်ချင်းသိရတာ လဲ။ ကျွန်တော့်လည်ပင်းက သူပေးထား တဲ့ဖန်စီကြိုးကလေးကြောင့်လား ။ သူဟာ ပါလာတဲ့ ကျောပိုးအိတ်ကို ပစ်ချပြီး ကျွန်တော်နဲ့ အနီးဆုံး ဆီပြေးလာပြီး ကျွန်တော့်လက်ကို ကိုင်ဆွဲမယ်လုပ်ပြီးမှ သတိရပြီး ကိုယ်ရှိန်သတ်လိုက်ပါတယ် ။

“ ဗစ်တာ ... ဘယ်လိုရောက်လာတာလဲဟင်၊ အခု ဘာတွေလုပ်နေလဲ။ ဗိုလ်ချုပ်ကျွန်းက အဖေတို့ အမေတို့ရော နေကောင်းလား။ ရုပ်မြင်သံကြားက ရဟာယ်ရှင် ထားဝယ်ယိမ်းလာရင် ဗစ်တာကို သိပ်သတိရတယ် ။ ပွဲတော်ကို ပြန်သွားချင်တယ်။ စကားပြောပါဦး ဗစ်တာရဲ့ ၊ နင့်အသံဝဲဝဲ လေး မကြားရတာ ကြာပြီ ”

ကျွန်တော်လား၊ စိတ်လှုပ်ရှားလွန်းလို့ စကားတွေ ပြောမထွက်တာပါ။ ဘုတ်ပြင်းမှာ ကျောင်း သွားတက်တဲ့အကြောင်း၊ ဆယ်တန်းအောင်ပြီ ဖြစ်တဲ့အကြောင်း၊ အဏ္ဏဝါစိုးကုမ္ပဏီမှာ အလုပ်ဝင်ပြီး ပင်လယ်ပစ္စည်းကုန်သွယ်မှုကို လေ့လာသင်ယူမယ့်အကြောင်းတွေ ပြောဖြစ်ပါတယ်။

ပြီးတော့ ... ပြီးတော့ ချယ်ရီ့ကို ခြောက်နှစ်လုံးလုံး လွမ်းနေရတယ်ဆိုတဲ့ အကြောင်း တွေလည်း ပြောချင်တာပေါ့။ ဒါပေမယ့် ဘာကစပြီး ပြောရမှန်းမသိဘူး။ လည်ပင်းမှာ ဆို့တို့တို့ နင်တင်တင်နဲ့ ။

“ ဟင် ဒီအထုပ်က ဘာထုပ်ကြီးလဲ ”

“ ငါးခြောက်တွေ ငါယူလာတာ ”

သူ့အာရုံက ငါးခြောက်ထုပ်ဆီ ရောက်သွားပြီး တစ်ခုပြီးတစ်ခု ဆွဲထုတ်ကြည့်နေတော့တယ်။

“ ဗစ်တာရယ် နင်လာတာ ဝမ်းသာလိုက်တာဟယ် ငါးခြောက်တွေ ရေခူတွေ ရတာ လည်း ဝမ်းသာတယ်၊ ဟိုဒင်း … .ဝါးပလုပ်လေ မပါဘူးလား။ တခြားဟာက ဒီမှာ ရှာစားလို့ရတယ်၊ ဝါးပလုပ် ကမရဘူး၊ ဘယ်မှာမှ မရှိဘူး။ မပါဘူးလား ”

“ ဒီလောက် ခရီးဝေးတာ ဝါးပလုပ်သယ်လာလို့ ရမလားဟ။ နင်ကလည်း စဉ်းစားပါဦး။ ဒီလိုမှန်းသိ ဟိုဟာနဲ့တူတဲ့ သဲပလုပ်ယူလာရင် ကောင်းသား ”

“ ဗစ်တာ ကောင်စုတ် ”

အခုမှ ဗိုလ်ချုပ်ကျွန်းမှာ တွေ့ခဲ့တဲ့ ချယ်ရီအစစ်ဖြစ်သွားတော့တယ်။ သူ့မြေးပျော်နေတာကို အဘွားမှာလည်း ပြုံးလို့။ ဒီကြားထဲ ချယ်ရီက အဘွားရေ သမီးထမင်းဆာပြီ ဗစ်တာကိုလည်း ကျွေးရ အောင်တဲ့။ အဘွား မီးဖိုထဲဝင်သွားတော့ ကျွန်တော်က ကျွန်တော့် ကျောပိုးအိတ်ထဲက ပစ္စည်းကို တယုတယ ထုတ်လိုက်ပါတယ်။

“ ဟယ် လှလိုက်တာ ဒါ ဘာကောင်လဲဟင် ဗစ်တာ ”

“ ပဂဲလို့ခေါ်တဲ့ ကျောက်ပုစွန်ပေ့ါ၊ ကျောက်ပုစွန်တွေ အများကြီးရှိတဲ့အထဲက သူက ဆဲဗင်း ကာလာလို့ခေါ်တဲ့ ကောင်ပေ့ါ။ အရောင်ခုနစ်မျိုး။ အိမ်တွေမှာ အလှကပ်ဖို့ သူ့အခွံက တန်ဖိုးရှိတယ်။

အဖေက ရန်ကုန်လွှတ်မယ် ဆိုတာနဲ့ ငါကိုယ်တိုင် နံရံမှာချိတ်ဖို့လုပ်လာတာလေ။ အပေါ်က မှန်ပုံးခံ လိုက်တော့ တော်ရုံ မပျက်စီးတော့ဘူးပေ့ါ။

ချယ်ရီမှာ ဝမ်းသာလွန်းလို့ ဆဲဗင်းကာလာကို ကြည့်နေလိုက်တာ မျက်တောင်မခတ်တော့ဘူး။ သူတို့လာတုန်းက ဒါမျိုး မမြင်သွားရဘူးလေ။ ရချင်တဲ့အချိန်မှ ရတာ ကိုး။

“ တော်လိုက်တာ ဗစ်တာရယ်။ နင်ဟာ ပင်လယ်သား ပီသပါပေတယ်။ လူတစ်ယောက်ရဲ့ အနေအထိုင်အပြောအဆို လှုပ်ရှားမှုကိုကြည့်ရင် သူ့ဒေသကို ကိုယ်စားပြုမှုဆိုတာ သိနိုင်သတဲ့။ နင်ဟာ ပင်လယ်နဲ့ ရင်ချင်းဆက်သူဆိုတာ ယုံမှားဖွယ် မရှိပါဘူး။ ပင်လယ်ရဲ့ ဘာသာဗေဒကို တစ်ဖက်ကမ်းခပ် တတ်မြောက်သူဖြစ်လို့ နင့်ရဲ့ ပင်လယ်ပစ္စည်းကုန်သွယ်မှုလုပ်ငန်းဟာ မလွဲမသွေ အောင်မြင်ပါလိမ့်မယ် ”

မြို့ကြီးသူ ချယ်ရီပြောသလောက် ကျွန်တော်နားမလည်ပါဘူး။ သူက စကားတတ်တိုင်း ပြောနေတော့တာ။ ကျွန်တော့် အနေအထိုင်ဆိုတာကလည်း ကျွန်တော်နေတတ်သလို နေတာလေ။ ဟော ချက်ချင်းပဲ ဆဲဗင်းကာလာကို နံရံမှာ ချိတ်ချင်တယ်ဆိုလို့ ချိတ်လို့ရအောင် လုပ်ပေးရပြန်တယ်။

ပင်လယ်ပစ္စည်းတွေရဲ့အောက်မှာ စာတန်းရေးထိုးလေ့ရှိတဲ့ ချယ်ရီတစ်ယောက် ဆဲဗင်း ကာလာအောက်မှာ ဘာရေးမလဲလို့ ကျွန်တော်စိတ်ဝင်စားနေမိတယ်။ ကျွန်တော် ရေအောက် ဆင်းငုပ် ယူပေးတဲ့ ကျောက်ခက်ပန်းအောက်မှာတော့ အသက်နဲ့ ထပ်တူတဲ့။ အခု သူဘာရေးမှာပါလိမ့်။ တကယ်ရေးတော့ စောစောက သူပြောသလို ကျွန်တော် သိပ်နားမလည်တဲ့ စကားလုံးတွေတော့ မပါ ပါဘူး။ ကျွန်တော် နားလည်တဲ့ စကားလုံးလေးနဲ့ ရိုးရိုးလေး ရေးလိုက်တာပါ။

“ ရင်နဲ့အမျှ ” … တဲ့။

**ကလျာမဂ္ဂဇင်း (၂၅နှစ်မြောက် ငွေရတု မဂ္ဂဇင်း**
**အမှတ် ၂၉၇၊ ဇန်နဝါရီလ၊ ၂၀၁၀ ပြည့်နှစ်**

*

**မလိုချင်တာတွေသာ**

**သိမ့်သိမ့်သည်းသည်း ရရှိပြီး**

**ထိုဝေဒနာ နင့်နင့်နည်း၏**

**လေးလံပြိုကျမှုကြောင့် မြစ်ပြင်ထဲ**

**နစ်ကျပျောက်ဆုံးသွားခဲ့သူ။**

**အချစ်ရှုံးသူ ဒေါ်စိမ်းလဲ့ရည်အတွက်**

**စာနာမှု ရင်တံတိုင်းသည် ...**

## အိမ်မက်စိမ်းတံတား

နေခြည်ဝင့်ဝါနေသော မနက်ခင်းသည် “ လှိုင်းသစ် ” ပုစွန်အအေးခန်း အလုပ်သမလေးများ ရောက်ရှိလာသည်နှင့်တပြိုင်နက် တစ်နေ့တာသက်ဝင်လှုပ်ရှားမှု ဇာတ်ဝင်ခန်းကို ရိုက်ကူးရန် အဆင်သင့်ဖြစ်နေပေတော့သည်။

သူတို့ကလေးတွေရောက်လာလျှင် နားနေဆောင်မှာ ထမင်းချိုင့်များ ပစ္စည်းများထားမည်။ ပြီးလျှင် အလုပ်ခွင်ဝတ်စုံကို လဲလှယ်ဝတ်ဆင်ကြမည်။

ရွေးစင်ရှေ့မှာရပ်မည့် တောင့်တင်းသန်မာ သော ခြေသလုံးများသည် တောစီးရာဘာဖိနပ်ရှည်တို့ သယ်ဆောင်ရာသို့ ဝင့်ဝင့်စားစား လိုက်ပါသွား ကြမည်။ နှာခေါင်းယဉ်နေပြီဖြစ်သော ညှီစို့စို့အေးသက်သက်ရနံ့တို့ ထုံအီမွှေ့လျော်ရာ စက်ရုံခန်းမ ကျယ်ကြီးထဲမှာတော့ အလုပ်တာဝန်ဝတ္တရားတို့ အသီးသီးအသင့် စောင့်ကြိုနေလိမ့်မည်။ သူတို့၏ ခြေသလုံးတောင့်တင်းခိုင်မာသလို သူတို့၏ လက်များသွက်ထားလိုက်သည်မှာ စက်အလားပင်။

ရေခဲဂိုဒေါင်ကိုင် အလုပ်သမားကောင်လေးတွေ တစ်ယောက်ကိုတစ်ယောက် အော်ဟစ်စကား ဆိုမြည်သံက လှုပ်ရှားမှုနှင့်အပြိုင် သက်ဝင်နေလေတော့ လှိုင်းသစ်ရဲ့ လှိုင်းသစ်ရဲ့ ရှင်သန်မှုတွေ မကြာမီရှန်းကြွလာတော့မည်။

ကျွန်မ သည်နေရာကို ရောက်နေသည်မှာ တစ်ပတ်ခန့်ရှိပေပြီ။ ပတ်ဝန်းကျင်နှင့်လည်း အတန် အသင့် ကျွမ်းဝင်နေပါပြီ။ သည်အချိန်ဆို ကျွန်မသူငယ်ချင်း ငြိမ်းတစ်ယောက် သမီးကျူရှင်ပို့ပြီးအပြန် လက်ဖက်ရည်ပွဲပြင်နေရော့မည်။ ကျွန်မ စက်ရုံဘက်မှ လူနေဘန်ဂလို အိမ်ဘက် ပြန်လျှောက်လာကာ ငြိမ်းကို ကူညီဖို့ စိတ်ကူးလိုက်သည်။

“ ဟော ... ကေတောင် လမ်းတစ်ပတ် လျှောက်ပြီးပြီထင်တယ်။ လာ လက်ဖက်ရည် သောက် ကြစို့ ”

စားပွဲပေါ်မှ ကောက်ညှင်းပေါင်းနှင့် ငါးကင်ဖွေးဖွေးက ဆာလောင်မှုကို ဆွတ်ချူလိုက်လေ သည်။ ငါးမုန့်ကြော် ပူပူကျွတ်ကျွတ်တွေ ထပ်ရောက်လာပြန်သည်။ ငြိမ်းကိုယ်တိုင် နှပ်ထားသော လက်ဖက်ရည်ကျကျကလည်း ဆွဲဆောင်အား ကောင်းလှသည်။

“ ကဲ ... ကောက်ညှင်းပေါင်း ပူတုန်းစားရအောင် ဦးဝင်းအောင်တော့ ညက များသွားလို့ မထနိုင်သေးဘူး။ သူ့ကို မစောင့်ဘဲ စားကြစို့ ”

ငြိမ်းဆီက မကျေနပ်ချက်ကို ဖုံးကွယ်သိုသိပ်ထားသော အသံက အနားစဖွာကာ မသပ်မရပ် နိုင်လှသည်။ ကျွန်မတိတ်ဆိတ်စွာပင် ကောက်ညှင်းပေါင်းဆီသို့ လက်လှမ်းလိုက်သည်။

" ကေရေ ... ယောကျ်ားတစ်ယောက်ဆီက စင်းလုံးချောအရည်အချင်းကို မင်း မျှော်လင့်မိ သလား။ မျှော်လင့်မိတယ်ဆိုရင် အဲဒီ မျှော်လင့်ခြင်းဟာ မှားယွင်းမှုတွေနဲ့ ပလုံစီနေပေလိမ့်မယ် "

ငြိမ်းက စကားပြောလျှင် အဲသည်လို ဝေါဟာရအဆန်းတွေ ထည့်ပြောလေ့ရှိသည်။ ကျွန်မ ငြိမ်းကို သဘောကျသလို လှမ်းကြည့်နေရင်း ...

" မျှော်လင့်ခွင့်တော့ ရှိတယ်မဟုတ်လား ငြိမ်းရဲ့ "

" ရှိပါတယ် အခွင့်ရှိသလောက် လုပ်မယ်ဆိုရင် မဆုံးတေးကို သိနေရသလို ဖြစ်တော့မပေ့ါ။ အစကတော့ အသောက်အစားဆိုတာ ချိုနဲ့လားပေ့ါ ။ အခုတော့လည်း အသောက်အစား လူမင်းသား ပေ့ါကွယ်။ မင်းမြင်ရဲ့ မဟုတ်လား။ ညနေဆို ဆက်ရက်မင်းစည်းစိမ် တည်နေတာ။ ကိုယ်ဟာ ဒီအနံ့ အသက်ကို သိပ်ပြီး ရွံရှာမုန်းတီးခဲ့သူပေ့ါ။ သူသောက်နေချိန် ကိုယ်လည်းအနားမှာ မနေချင်ဘူး။ သမီး ကိုလည်း မရှိစေချင်ဘူး။ ပင်ပန်းတယ်လို့ အကြောင်းပြမလား။ သူတို့လို လူတွေမှာ ပင်ပန်းတယ်ဆို စက်ရုံထဲကလူတွေ ဆိုဖွယ်ရာမရှိပေ့ါ။ နောက်ဆုံးတော့ ကြိုက်လို့သောက်တယ်ပေ့ါ။ အရင်က စိတ်ကောက်၊ စိတ်ဆိုး အခုတော့ ကောက်စရာ ဆိုးစရာစိတ်တွေ ကုန်သလောက် ဖြစ်သွားပါပြီ။ ကိုယ် နေတတ်သွားပြီဆိုပါတော့ "

ငြိမ်းက နေတတ်သွားပြီတဲ့။ ဒါဆိုရင် ကျွန်မကရော မနေတတ်လို့ဘဲ လောင်းလုံမြို့ထဲက လှိုင်းသစ်ပုစွန်အအေးခန်း စခန်းဆီ ရောက်နေတာလား။ ငြိမ်းကလည်း အခေါက်ခေါက် အလည်ခေါ်ဖူး သည်နှင့်ကျွန်မရဲ့ရှုပ်ထွေးနောက်ကျိနေသော စိတ်ကို ထွက်ပေါက်ပေးလိုသည်နှင့်ရောက်လာရသည့် ခရီး။

ငြိမ်းက အသက်ကြီးမှ အိမ်ထောင်ကျသဖြင့် ငြိမ်းသမီးက ယခုမှရှစ်တန်း။ အိမ်ထောင်ကျစော သော ကျွန်မမှာတော့ သမီးပင်ဘွဲ့ရပြီး အဝေးမှာ တာဝန်ထမ်းနေပြီ။ တကယ်ဆို အိမ်ထောင်ရေး အနည်ထိုင်ပြီးသား မောင်နှင့်ကျွန်မအဖို့ သည်အသက်အရွယ်ရောက်မှ ကတိမ်းကပါးဖြစ်စရာ အကြောင်းမရှိလှ။ အချိန်ကာလသည် လူတစ်ယောက်ရဲ့စိတ်ကို ပြောင်းလဲစေပါသလား။ ငွေကြေး သည် လူတစ်ယောက်ရဲ့ စိတ်ကို ပြောင်းလဲစေပါသလား။

နှစ်ယောက်စလုံး ဝန်ထမ်းဘဝဖြင့် အနှစ်နှစ်ဆယ်ကျော် အိမ်ထောင်ရေးသည် သမာရိုးကျဆန် စွာ ရင့်ထွားစေခဲ့သည်။ တစ်ယောက်နှင့်တစ်ယောက် နှစ်နှစ်ကာကာ ချစ်ခြင်းမှဆင့်ပွားလာသည့် အိမ်ထောင်ရေးမို့ သစ္စာမဲ့တာ၊ ဖောက်ပြန်တာ၊ စိတ်အလိုလိုက် မှောက်မှားတာတွေ မရှိဖူးခဲ့။

ထူးခြားသည်မှာ နှစ်ဦးစလုံးပင် စောစီးစွာ အလုပ်မှ အနားယူခဲ့ကြသည်။ မောင့်မှာ ဆီးချို၊ သွေးချိုရောဂါ အလျှင်အမြန်ဝင်ရောက်လာပြီးအလုပ်မှ အနားယူခဲ့ကြသည်။ ကြည်လင်နေသော မောင့်စိတ်ကန်ရေပြင်ကို ခဲပစ်သလို ဖြစ်သွားလေသလား။ ဆီးချို ၊ သွေးချိုနှင့်အတူ စိတ်ကျရောဂါ ကပ်ပါလာခဲ့သည်မှာ လူမသိသူမသိ ဖွဖွညင်သာ။

အလုပ်မှ အနားယူပြီးနောက် ကံဇာတ်ဆရာက ကျွန်မကို အိမ်ပွဲစား၊ ကားပွဲစားလိုင်းကို ပစ်ချ ပေးလိုက်သည်။ ပထမတော့ ရပ်ကွက်ထဲမှ အပေါင်းအသင်းတွေနဲ့ အပျင်းပြေ အပျော်သက်သက် လုပ်ရာမှ ငွေမြင်တော့ ထိုလောကမှ မထွက်နိုင်တော့သော ကျွန်မ၊ မြိုးမြိုးမြတ်မြတ်ရလာသော ဝင်ငွေ အပေါ် ကျေနပ်နှစ်သမ့်မှုတွေ ပီတိတဝေဝေနှင့် အစိုးရဝန်ထမ်းအဖြစ်နှင့် အချိန်ကုန်ခဲ့သည်ကိုပင် နောင်တရမိချင်ချင်။ သမီး ကြီးပြင်းလာသည်နှင့်အိမ်၏ လိုအပ်ချက် နှစ်ဆတက်လာချိန် ကျွန်မရှာဖွေ သော ငွေကြေးသည်

နေ့စဉ်လည်ပတ်မှု ယန္တရားကို ကောင်းမွန် သွက်လက်စွာ မောင်းနှင်နိုင်ခဲ့သည်။

အိမ်ပွဲစားတစ်ယောက် လျှောက်ရသည့်ခြေလှမ်းများ ပြောရသည့်စကားများ ကုန်ဆုံးသွား သော အင်နာဂျီ။ ထိုအရာများ ရင်းပြီးရလာသည့် ငွေကြေးပမာဏသည် အိမ်ရဲ့လိုအပ်ချက်ကို ဖြည့် စွက်နိုင်ခဲ့သော်လည်း ပြောင်းလဲလာသော မောင့်ရဲ့ စိတ်ကွက်လပ်ကို ဖြည့်ဆည်းဖို့ရာ မစွမ်းသာ ခဲ့ပါချေ။ မိန်းမသားတစ်ယောက် ငွေရှာနေခြင်း ၊ ငွေရှာနိုင်ခြင်းသည် ရိုးမယ်ဖွဲ့စရာအပြစ်များဖြစ်ခဲ့ သည်ဟု မည်သည့်အခါမျှ စိတ်ကူးမိခြင်းမရှိခဲ့။

“ ကေ … မင်းငွေရှာနိုင်တယ်ဆိုတိုင်း … ”

မောင့်နှုတ်ဖျားမှ မြည်တွန်တောက်တီးသံသည် ငွေရှာနိုင်ခြင်း အပေါ်ရိုးမယ်ဖွဲ့သည့် တောင်ပံ တွေ တဖျတ်ဖျတ်ယမ်းခါနေသည်။

“ ဟိုတုန်းက မောင်ရှာခဲ့တယ် ၊ အခုကေရှာတယ်၊ ဘယ်သူရှာရှာအတူတူပါပဲ။ မောင်ဝင်ငွေ မရှိတဲ့အချိန်မှာ ကေရှာတဲ့ငွေက မောင်လဲသုံးပိုင်ခွင့်ရှိပါတယ်။ မောင်ရှာတဲ့ငွေမှ ငွေလို့ထင်တာတော့

မဟုတ်သေးဘူး။ မောင့်စိတ်ကို နည်းနည်းလောက်လျှော့လိုက်ပါ။ တစ်ယူသန်စွဲနဲ့ တင်းနေရင် အိမ်ဟာ ပျော်ရွှင်ဖွယ် မကောင်းတော့ဘူး ”

ကျွန်မတို့နှစ်ယောက် လျှာနဲ့သွားဇာတ်ခင်းနေသည်နှင့် သမီးသည်အဝေးမှာ အလုပ်သွားလုပ် နေတော့၏ ။ “ မေမေတို့ ကလေးတွေမဟုတ်ဘဲ ခဏခဏရန်ဖြစ်နေတာ သမီးရှက်တယ် ”။ ကိုယ့်သားသမီးရှေ့မှာ ရှက်ရွံ့အားငယ်မှု ခံစားချက်သည် ကျွန်မနှလုံးသားကို ဒဏ်ရာအနာတရ ဖြစ်စေခဲ့ပြီး မောင်သည် ဘယ်တော့မှ အလိုမကျ။ အလိုမပြည့်၊ အစဉ်အမြဲ စိတ်တိုင်းမကျမှုများဖြင့် ပေါက်ကွဲနေသည်။

ထိုအရာသည် ကျွန်မ ပုံဖော်လိုသော အိမ်ထောင်ရေးမဟုတ်ပါ။ ကျွန်မ

အိပ်မက်ထဲမှ နှင်းခဲ ရဲတိုက်မဟုတ်ခဲ့ပါ။
မိန်းမသားတစ်ယောက်ရှေ့တန်းသို့ထွက်ကာ ငွေရှာနေသောကိစ္စသည် မည်သူ့ကို
ထိခိုက်နစ်နာစေသနည်း။ အိမ်ထောင်ဦးစီးရဲ့ဂုဏ်သိက္ခာကို
ထိပါးရာရောက်လေသလား။ ဦးကထမ်း နေသူ လက်ပန်းကျလို့ ပွဲကထမ်းနေသူ
ပိုအားစိုက်ခြင်းပင် ဖြစ်သည်။

အလုပ်ခွင်ပြင်ပသို့ ရောက်ရှိသွားသော ယောကျ်ားတွေ
သည်လိုစိတ်ဓာတ်တွေ ပြောင်းလဲ တတ်ပါသလား။ ကြုံလာသမျှ ဆီးခံ၊ သည်းခံ၍
အကောင်းဆုံး ရင်ဆိုင်ကြရမည့်အနေအထားမှာ အလို မကျမှုတွေက ပုံကြီးချဲ့၍
ငွေရှာနေသူကို ဖေးကူမှုမပေးသည့်အပြင် စကားလုံးနင့်နင့်နဲနဲများဖြင့်
ပစ်ပေါက်နေလေတော့ ...

“ ဟော ... လက်ဖက်ရည်တွေ အေးကုန်ပြီ။ ငိုင်နေပြန်ပြီလားကေရဲ့။
ဘယ်လိုလဲ စိတ်က ဦးဇေယျာဆီ ရောက်သွားပြီထင်တယ်။ ဒီအချိန်သူ ဘယ်လို
စားသောက်နေပါလိမ့်လို့လေ ”

ကျွန်မ ခေါင်းကို ခပ်လေးလေး ယမ်းခါလိုက်မိသည်။ ကျွန်မ
သတိရခြင်းနှင့်ငြိမ်း ထင်နေသည့် သတိရခြင်းက ထပ်တူမကျပါ။

“ နေ့ခင်းစာ ဘာစားချင်သလဲပြော။ ရေခူကို
ခပ်စပ်စပ်ကလေးသုပ်မယ်။ ပုစွန်ကြားလတ်လတ် တွေကို
အကြော်မှုန့်လူးပြီးကြော်မယ်။ ဒီဘက်နယ်ကထွက်တဲ့
တညင်ရွက်ဟင်းချိုပူပူလေးလည်း တစ်ခွက်ချက်မယ်။ သမီးနဲ့
ကိုဝင်းအောင်အကြိုက် ကြက်သားနဲ့ အာလူးဆီပြန်ကလေးလည်း တစ်ခွက်
ပါမယ်ပေါ့။ ကေ ဘာစားချင်သေးလဲ ”

“ ဟင့်အင်း စားချင်တာ အထွေအထူး မရှိပါဘူးကွယ်။ အဆင်ပြေရာသာ
ချက်ပါ။ ဒေသစာ တွေ စားရတာ လည်း အမှတ်တရ ဖြစ်တာပေါ့ ”

လက်ဖက်ရည်ဝိုင်းသိမ်းပြီး ကျွန်မတို့နှစ်ယောက် ဘန်ဂလိုရှေ့ရှိငြိမ်းရဲ့ သစ်ခွပင်တွေနားဆီ ရောက်နေခိုက် ဦးဝင်းအောင် နိုးလာကာ လက်ဖက်ရည်ကို ကမန်းကတန်းသောက်လျက် စက်ရုံဆီသို့ ထွက်သွားလေသည်။ သည်လိုတော့လည်း သွက်လို့ပါလား။

“ ဦးဝင်းအောင် အလုပ်သွားခါနီး အကျ…… ပုဆိုး ထုတ်ပေးတာတို့ ဘာတို့ လုပ်ပေးလေ့ မရှိဘူးလား ”

“ ဘာရယ် ကေ၊ ဘာပြောတာလဲ ”

“ ဩော် … ဦးဝင်းအောင် အလုပ်သွားခါနီး အဝတ်အစား မပြင်မဆင် ပေးရဘူးလား မေးတာပါ”

“အကျ…… တွေ၊ ပုဆိုးတွေလျှော်ဖွပ် ၊ မီးပူတိုက်ပြီး ဗီရိုထဲထည့်ထားပေးတာလေ။ သူ့ဘာသာယူ ဝတ်ပေ့ါ။ တစ်ခါမှ ထုတ်မပေးပေါင် ”

ကျွန်မကတော့ မောင်အပြင်သွားခါနီး တိုင်း ပြင်ဆင်ပေးလေ့ရှိတယ်။ မောင် ရေချိုးနေပြီဆို မျက်နှာသုတ်ပုဝါအဆင်သင့်။ ပုဆိုး အကျ…… အဆင်သင့်။ မောင် ဝတ်မည့်အဝတ်ကို ကျွန်မကိုယ်တိုင် ရွေးချယ်ဆင်ယင်ပေးခဲ့သည့် အိမ်ထောင်သက်တစ်လျှောက်လုံးက အလေ့အကျင့်သည် တော်ရုံဖြင့် မေ့ပျောက်နိုင်မည့်အရာမဟုတ်ပေ။

ခုနေခါတော့ မောင်တစ်ယောက် သူ့ဘာသာ အကျ…… အဝတ်အစား ထုတ်ဝတ်နေရော့မည်။ ဗီရိုထဲမှ အဝတ်အစားများ ကုန်ပါက သူကိုယ်တိုင်ပင် လျှော်ဖွပ်ရတော့မည်။ အဝတ်သာမဟုတ် အစား အသောက်ပါ ကိုယ်တိုင်စီစဉ်နေရသည်က ဘယ်လိုမှ အဆင်ပြေဖွယ်ရာမမြင်၊ အိုးနင်းခွက်နင်းဖြစ်နေ မှာ သေချာသည်။

“ ကိုယ်လည်း သမီးကျူရှင်၊ အိမ်အလုပ်တွေနဲ့ လုံးချာလိုက်နေလို့ ကေ့ကို ဘယ်ကိုမှ မပို့ဖြစ် သေးဘူး။ မောင်းမကန်တို့၊ သဘော့ဆိပ်တို့ ၊

မျှော်ရစ်ဘုရားတို့ပို့မယ်။ ညနေသူပြန်လာရင် နည်းနည်း နားပူနားဆာလုပ်ဦးမှ။ ဦးဝင်းအောင်က စိတ်ရင်းမဆိုးလှပါဘူး။ မိသားစုအပေါ် ဘာဖြည့်ဆည်းပေးရ

မယ်ဆိုတာ နားလည်ပါတယ်။ အပြည့်အဝကောင်းသူ မဟုတ်ပေမယ့် ချွင်းချက်နဲ့ ကောင်းသူလို့ ဆိုရင် ရပါတယ် ”

“ ချွင်းချက်နဲ့ ကောင်းသူ ”

ငြိမ်းအပြောကို ကျွန်မရယ်ချင်သွားလေသည်။

“ ဘာရယ်တာလဲ ကေရဲ့။ ချွင်းချက်နဲ့ကောင်းသူဆိုတာ အကောင်းအပြည့် မဟုတ်ပေမယ့် အကောင်းဘက်များများပါလို့ တော်သေးတာပေါ့။ လောကကြီးမှာ လိုချင်တာအပြည့်အဝရဖို့ဆိုတာ ဘုရားသခင်ကပေးတဲ့ အထူးဆုလာဘ်ကြီးဖြစ်မှာပါ။ ချွင်းချက်နဲ့ကောင်းသူနဲ့တောင်မတွေ့ဘဲ၊ ကောင်းခြင်းတွေနဲ့ လွဲချော်ခဲ့သူတစ်ယောက်ကြောင်း ကေ သိအောင်ပြောပြဦးမယ် ”

ငြိမ်းစကားက ထူးဆန်းနေ၍ ကျွန်မတို့ ပန်းကြည့်ခြင်းကို ရပ်ဆိုင်းလိုက်လေသည်။ ငြိမ်းသည် ရှေ့မှဦးဆောင်ကာ မြစ်ဆိပ်ဘက်သို့လျှောက်နေသည်။ မလှမ်းမကမ်းမှာ အလျားရှည်မြစ်တစ်စင်း သည် ညင်သာသွဲ့သွဲ့ စီးဆင်းနေသည်။ မြစ်ရေသည် ကြည်လင်ခြင်းကင်းစွာ နောက်ကျူနေသည်ကို ကြည့်၍ မြစ်လက်တက်ငယ်တစ်ခုဟု ခန့်မှန်းရ၏ ။

ဘန်ဂလိုနှင့် စက်ရုံကြားတွင် လှေရပ်နားရာဆိပ်ဦးတံတား တစ်ခုရှိသည်။ပင်လယ်မှဖမ်းမိသော ပုစွန်များ စက်ရုံသို့ပို့ရာ လှေဆိုက်သည့် နေရာဖြစ်ဟန်တူသည်။ တံတားဟုဆိုသော်လည်း မြစ်ကိုဖြတ် ကူးထားသော တံတားမဟုတ်ပါ။ လှေဆိုက်သည့် ဘောတံတားသဘောမျိုး၊ သစ်ဖြင့်တည်ဆောက် ထားသော တံတားဖြစ်သည်။

ငြိမ်း ခြေလှမ်းများ ထိုဘောတံတားထိပ်မှာ ရပ်တံ့လေသည်။ ငြိမ်းသည် ဘောတံတားထိပ်မှာ ရပ်ကာ စက်ရုံအနောက်ဘက်ကျကျ မြစ်ဆိပ်တစ်နေရာဆီသို့

ေးကြည့်နေလေသည်။ ကျွန်မကတော့ ငြိမ်းကြည့်နေသည့် နေရာထက် ဘောတံတားမှ နောက်ပြန်မြင်ကွင်း၊ ဘန်ဂလိုအိမ်နှစ်လုံးနှင့် စက်ရုံတို့ ကိုသာ စိတ်ဝင်စားနေမိသည်။

" ဟောဒီတံတားက ပုစွန်လှေတွေ ဆိုက်ကပ်ရာတံတားအသစ်ပေါ့။ တံတားအဟောင်းက ဟိုအတော်လှမ်းလှမ်းမှာ မြင်လား။ ဒီကနေ ခပ်ဝါးဝါးမြင်နေရတာ လေ။ အခုအသုံးမပြုတော့တာကြာပြီ။ အဲဒီ တံတားကို ဒီကလူတွေက အိပ်မက်စိမ်းတံတားလို့ခေါ်ကြတယ် "

" အိပ်မက်စိမ်းတံတားတဲ့လား။ ဘယ်သူပေးတဲ့ နာမည်လဲ ကဗျာဆန်လှပါလား "

" အိပ်မက်စိမ်းတံတားဟာ ဒေါ်စိမ်းလဲ့ရည်နဲ့ တစ်စိတ်တစ်ဒေသ ပတ်သက်နေတယ် ကေရဲ့ "

" ဆိုပါဦး ... ဒေါ်စိမ်းလဲ့ရည်ဆိုတာက ..."

" ဒေါ်စိမ်းလဲ့ရည်ဟာ ဒီလှိုင်းသစ်ပုစွန်အအေးခန်း စက်ရုံကို ဦးစီးဦးဆောင်ပြုသူ ဦးဝဏ္ဏအောင်ရဲ့ ဇနီးပေါ့။ ဦးဝဏ္ဏအောင်ဆိုတာ နာမည်နဲ့ လိုက်ဖက်အောင် ချောမောတဲ့ အရာရှိကြီး တစ်ယောက်ပေါ့။ အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ ရုပ်ရှင်မင်းသားနေအောင်လို ရုပ်ရည်မျိုး၊ ရုပ်ရည် ကြောင့်လား။ နဂိုဗီဇကြောင့်လား မသိဘူး။ ဦးဝဏ္ဏအောင်ဟာ မိန်းမတော့ အတော်ပွေရှုပ်တယ်လို့ ဆိုတယ်။ ရောက်တဲ့ရွာမှာ တစ်ကျိဆောက်သူအဖြစ်လည်း နာမည်ကြီးတယ်။

လှိုင်းသစ်ကိုရောက်ပြီး မကြာခင် အနီးအနားရွာက မိန်းမလည်တစ်ယောက်နဲ့တွဲပါလေရော။ အဲဒီ မိန်းမက မင်းပေါက်စိုးပေါက် လာသမျှ အရာရှိ၊ အရာခံအလွတ်မပေးဘဲ ကိုယ်ကျိုးအတွက် သူ့အလှကို အသုံးချနေသူပေါ့။

" ဒီသတင်းကြားလို့ ဇနီးဖြစ်သူ ဒေါ်စိမ်းလဲ့ရည်လိုက်လာတော့

သူတို့နှစ်ယောက်က ခရီး အတော်ပေါက်နေကြပြီ။ ဒေါ်စိမ်းလဲ့ရည်ဆိုတာလည်း နာမည်နဲ့လိုက်အောင် စိမ်းဖန့်ဝါရွှေတဲ့ အလှကို ပိုင်ဆိုင်သူပေါ့။ သူဟာ မြေလတ်မြို့တစ်မြို့က ဂုဏ်သရေရှိ မိသားစုမှပေါက်ဖွားလာတဲ့ အမျိုးကောင်း သမီးတဲ့။

လက်ရှိအထက်တန်းပြ ရာထူးနဲ့ ကျောင်းဆရာမအလုပ်ကို ခုံမင်လွန်းလို့ ဦးဝဏ္ဏအောင် ပြောင်းရွှေ့ရာမြို့တွေကို မလိုက်နိုင်တာက အစပြုလို့ ဦးဝဏ္ဏအောင်ရဲ့ ဝါသနာဗီဇကို အားပေးသလို ဖြစ်နေတော့တာပဲ ”

တစ်ခါတစ်ရံမှာ ယောကျ်ားတွေ ဘာကြိုက်သလဲဆိုတာ ကိုယ် နားမလည်နိုင်ဘူး ကော။ ဒေါ်စိမ်းလဲ့ရည်ရဲ့ ထူထူဝဲဝဲဆံပင်အုံကြီးရဲ့ အလှဟာ မိန်းမသားအချင်းချင်း ငေးမောအားကျခဲ့ရပေ မယ့် ဦးဝဏ္ဏအောင်ရဲ့ နူးညွတ်မှုအာရုံကို မချော့မြူနိုင်ဘူးလား။ မျက်ခုံးစိမ်းစိမ်း၊ မျက်ဝန်းဖန့်ဖန့်တွေ ကရော ဦးဝဏ္ဏအောင်ရဲ့နှလုံးသားကို မလှုပ်နှိုးနိုင်ဘူးလား။ ကိုယ်စဉ်းစားလို့ မတတ်တော့ဘူး။ သူတို့မှာ တွတ်တီးတွတ်တာ ချွဲနွဲ့မယ့် သားသမီးရတနာမရှိတာကရော သူတို့ အိမ်ထောင်ရေးမှာ နှုတ်မရအောင် စူးနေတဲ့ မြားတစ်စင်းလား။

ခက်တာက ဒေါ်စိမ်းလဲ့ရည်ရောက်တာတောင် ဘန်ဂလိုကို ဟိုမိန်းမအလာမပျက်ဘူး။ ကိုယ့်ဇနီးမယားအပေါ် လေးစားမှုတံတိုင်းကို ဒီလောက်လွယ်လွယ်နဲ့ဖြိုပစ်လိုက်တာတော့ မကောင်း ပါဘူး။ ဦးဝဏ္ဏအောင်ရဲ့အကွပ်မဲ့တဲ့ ပရမ်းပတာအပြုအမူတွေဟာ ဒေါ်စိမ်းလဲ့ရည်ကို အမှောင်ချောက် အတွင်း တွန်းပို့လိုက်တဲ့ အရာတွေပေါ့။

ငြိမ်းက မောသွားသလို စကားကို ရပ်တံ့လိုက်လေသည်။ ကျွန်မလည်း သူ့အပြောမှာ မောပန်းစွာလိုက်ပါရင်း ဒေါ်စိမ်းလဲ့ရည်ကို မျက်စိထဲပုံဖော်ကြည့်နေသည်။

" ဒီဒေသက မိုးများတဲ့ဒေသ၊ မိုးရွာရင်လည်း အုံ့အုံ့သည်းသည်းရွာလေ့ရှိတယ်။ အဲဒီ ညက တစ်ညလုံးမိုးတွေ လေတွေကြီးလိုက်တာ။ ကိုယ်တို့နဲ့ကပ်လျက် ဘန်ဂလိုမှာ ဦးဝဏ္ဏအောင်တို့ လင်မယားနေတာဆိုတော့ ညဦးမိုးသံ လေသံကြားမှာ လင်မယားရန်ဖြစ်သံ ဆူဆူညံညံ ကြားလိုက်ရ သေးတယ်။ ဟိုမိန်းမ မထေမဲ့မြင် ဝင်ထွက် သွားလာနေတဲ့ကိစ္စကို ဒေါ်စိမ်းလဲ့ရည် ဘယ်လို ကြည်ဖြူ နိုင်ပါ့မလဲ။ ဒီတော့ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ရန်ဖြစ်သံတွေဟာ ပတ်ဝန်းကျင်အတွက် မထူး ဆန်းဘူးပေါ့။

အဲဒီ ညက ဒေါ်စိမ်းလဲ့ရည်ဟာ အိပ်မက်စိမ်းတံတားကနေ မပြန်သာတဲ့ခရီးကို ထွက်ခွာသွားခဲ့ တယ်။ စက်ရုံညစောင့် အလုပ်သမားကောင်လေးအပြောကတော့ ဒေါ်စိမ်းလဲ့ရည်ဟာ တံတားထိပ်မှာ အကြာကြီး ရပ်နေသေးတာတဲ့။ ကောင်လေးက ဒီလိုလုပ်မယ်မထင်လို့ ငေးကြည့်နေတာ။ သူဝတ်နေကျ ဆင်စွယ်ရောင် အပွင့်စိပ်စိပ်ဝတ်စုံက မှောင်ရီဝေဝါးအောက်မှာ ထင်းထင်းကြီး မြင်သာ နေတာလေ။ ဝုန်းခနဲအသံကြားမှ ကောင်လေးလည်း ဦးဝင်းအောင်ကို လာနှိုးမှသိကြရတာ ။ မြစ်က ရေစီး သိပ်သန်နေချိန်ဆိုတော့ ဘယ်လိုမှ ရှာလို့မရကြဘူး။ နောက်သုံးရက်ကြာမှ အောက်ဘက်က တံငါရွာကလေးမှာ အလောင်းကိုသွားတွေ့တော့ ယူကြုံးမရ နှမြောတသခြင်းတွေသာ ပတ်ဝန်းကျင်မှာ လှိုင်းဂယက် ထကျန်ခဲ့တော့တယ်။

" ဒေါ်စိမ်းလဲ့ရည် မရှိတော့ ဦးဝဏ္ဏအောင်ရဲ့ အခြေအနေကရော "

" အင်း ဒါကြောင့် ယောကျ်ားတွေရဲ့စိတ်ကို ခန့်မှန်းရခက်တယ်လို့ ပြောတာပေါ့။ မယားရှေ့ ထားပြီး မှောက်မှားနေတဲ့ မိန်းမကို ဦးဝဏ္ဏအောင်က တကယ်ယူသလားဆိုတော့ မယူဘူး။ နောင်တ တော့ အတော်ရသွားဟန်တူတယ်။ လူမြင်တင့်တယ်အောင် ဟန်ဆောင်နောင်တလည်း ဖြစ်ချင်ဖြစ်မှာ

ပေါ့လေ။ အခုတော့ မြို့တစ်မြို့နယ်ထဲက ငါးစခန်းတစ်ခုကို

ပြောင်းသွားပါပြီ။ဦးဝဏ္ဏအောင် ပြောင်းသွား ပေမယ့် ဒေါ်စိမ်းလဲ့ရည်ရဲ့ အကြောင်းကတော့ ပြောစမှတ်ကျန်ရစ်ခဲ့တာ ဒီနေ့တိုင်ပါပဲ။

နောက်တစ်ခု ထူးဆန်းတာက ဒီမှာတာဝန်ကျတဲ့ ဦးဝင်းအောင်လိုအရာရှိကအစ စက်ရုံ ညစောင့်ကလေးတွေအဆုံး အိပ်မက်တစ်ခုကို အဖန်တလဲလဲ မက်လေ့ရှိတယ်။ အဲဒီ အိပ်မက်ဟာ တံတားထိပ်မှာ ဒေါ်စိမ်းလဲ့ရည်ရပ်နေတဲ့ပုံသဏ္ဍာန်အတိုင်း မြင်မက်တဲ့အိပ်မက်ပါ။ ဒီအိပ်မက်ကနေပြီး ဒီတံတားဟာလည်း အိပ်မက်စိမ်းတံတားရယ်လို့ လူတွေ ပါးစပ်မှာ စွဲနေတော့တာပါပဲ။ တချို့ကတော့ လည်း မိုးကြီးတဲ့ညတွေဆို စက်ရုံနဲ့ဘန်ဂလိုကြားမှာ ဒေါ်စိမ်းလဲ့ရည်ကို တွေ့ရလေ့ရှိတယ်လို့ ဆိုကြတယ် ”

ကျွန်မသည် မြစ်ပြင်နောက်ကျိကိုကြည့်ကာ စိတ်တွေရှုပ်ထွေးနောက်ကျူလာလေသည်။ အိပ်မက်စိမ်းတံတားဘက်ကို လှမ်းကြည့်တော့ တံတားထိပ်မှာ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ။ မလိုချင်တာတွေသာ သိမ့်သိမ့်သည်းသည်း ရရှိပြီး ၊ ထိုဝေဒနာ နင့်နင့်နည်းနည်း၏ လေးလံပြို့ကျမှု ကြောင့် မြစ်ပြင်ထဲ နစ်ကျပျောက်ဆုံးသွားခဲ့သူ၊ အချစ်ရှုံးသူ ဒေါ်စိမ်းလဲ့ရည်အတွက် စာနာမှု ရင်တံတိုင်းသည် တဆတ်ဆတ်တုန်ယင်လျက်။

ညနေ(၃)နာရီလောက်ကျတော့ ဦးဝင်းအောင် စီစဉ်ပေးမှုဖြင့် မောင်းမကန် ကမ်းခြေဆီသို့ ထွက်ခဲ့မှသာလျှင် ထိုဝေဒနာအထုံးအဖွဲ့များကို ပင်လယ်ရေ အေးစိမ့်စိမ့်ဖြင့် ဖြေဖျောက်ရလေသည်။ ငြိမ်းရဲ့သမီးကလည်း ရောက်ဖူးပြီမို့ မလိုက်လိုဟုဆိုရာ ကျွန်မနှင့် ငြိမ်းသာလျှင် ခရီးစဉ်မှာ သွေ့ခြောက်ခြောက်နိုင်နေတော့သည်။

မောင်းမကန် တောင်လက်မောင်းတွေကြားမှ ကားကလေး ရိပ်ရိပ်ပြေးနေစဉ် အချိုးအကွေ့ တစ်နေရာမှ မောင်းမကန်ကမ်းခြေကို မြင်တွေ့လိုက်ရစဉ်မှာပင် စိတ်လက်ကြည်လင် လန်းဆန်း သွားသည်ဟု ဆိုရချေမည်။ ပင်လယ်ရေနှင့် တကယ်ထိတွေ့တော့ လှိုင်းယက်ပင့်တင်တို့၏ ကလူ

ကျီစယ်မှုအောက်မှာ ငြိမ်းအေးခြင်းသုခကို ခံစားရလေသည်။ ပင်လယ် ရေစိမ်ပြီး ကမ်းစပ်မှ စားသောက်ဆိုင်ကလေးထဲမှာ အုန်းစိမ်းရည်ချိုချို သောက်ရင်း စိတ်အပန်းဖြေကြရသည်။

" မင်းကြည့်လိုက်စမ်း ကေ။ တိမ်တွေက တောင်တန်းတွေကိုထိနမ်းတယ်။ ကောင်းကင်က ပင်လယ်ကို ညှို့ငင်တယ်။ ပျားပိတုန်းတွေက ပန်းတွေကို ရစ်ဝဲတယ်။ ဒါဟာ သဘာဝ တရားကြီး မဟုတ်လား။ ဖိုမ တစ်နည်းအားဖြင့် လင်နဲ့မယား ဆက်ဆံရေးမှာလည်း နားလည်ထောက်ကူမှုတွေနဲ့

ဖွဲ့တည်ထားတာလေ။ အခုလို အိမ်ထောင်သက်ရင့်လာတာနဲ့မျှ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်မြှုဆွယ် မှုတွေနဲ့ ကျားကန်ထားရမှာပါ။ " အသက်ကြီးလာတော့ ဖေးကူလက်တွဲ " ဆိုတဲ့ အခန်းကပါဝင်လာပြီ ပေါ့။ အခုကော ဦးဇေယျာကို ထားပစ်ခဲ့တာ သဘာဝ ကျရဲ့လားလို့ ကိုယ်တွေးနေမိတယ်။ ပြီးတော့ ဦးဇေယျာမှာ ဆီးချို၊ သွေးချိုနဲ့ဆိုတော့ ..."

" တော် ... တော်ပါတော့ ငြိမ်းရယ်၊ ကိုယ်လဲ စိတ်လိုက်မာန်ပါထွက်လာပြီးမှ နောင်တရ ပါတယ်။ ကိုယ်ဘာလို့များ သူ့စိတ်ကို နားမလည်နိုင်ရတာ လဲ။ သည်းမခံနိုင်ရတာ လဲလို့ မေးခွန်းတွေ မေးမိတာလည်း အခါခါပါ။ တကယ်တော့ ကိုယ်သူ့အပေါ် နှောင်တွယ်နေတဲ့ ချစ်ခြင်းဟာ ပင့်ကူ ကောင်ရဲ့ ခြေဖျားမှာ ကပ်ငြိနေတဲ့ စေးထန်းငြိတွယ်မှုမျိုးနဲ့ နှောင်ဖွဲ့နေတယ်ဆိုတာ ကြာလေ သဘော ပေါက်လေပါပဲ "

ထိုနေ့က လွတ်လပ်သော ပင်လယ်လေသည် ကျွန်မ၏ စိတ်ဝိညာဉ်အမှောင်တိုက်ကို လင်းပွင့် သွားစေလေသလား။ ပြာလွင်လွင်ကောင်းကင်ပြင်ကျယ်၏ အသက်ဓာတ်က ငြိမ်းအေးခြင်း သန္တိသုခ ကိုရစေသလား။ သောင်ကမ်းဖြူလွလွသို့ ခေါင်းငုံ့ကျီစယ်နေသော လှိုင်းခေါင်းဖြူတို့ရဲ့ ချစ်စရာဓလေ့ ဘာသာက ကျွန်မရဲ့ ညှိုးနွမ်းအားငယ်မှုကို

လန်းစင်ဝင့်ဝါစေသလား။ အပြန်လမ်းသည် သာတောင့် သာယာ၊ ကမ္ဘာကြီးသို့ အခြားကမ္ဘာဂြိုဟ်တစ်ခုမှ ပြန်လာသလို သွက်လက်ကြည်လင် နေတော့သည်။

ထိုညမှာပင် မမျှော်လင့်သော အိပ်မက်ဆိုးသည် ဖြိုးစားကြီးရောက်ချလာလေသည်။

တကယ်ဆို ... မောင်းမကန်မှာ ရေကူးပြီးမောမောနှင့် ပြန်လာသည့်ညမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သင့်ပါလျက် အိပ်မက်ဆိုးကြောင့် တစ်ဝက်တစ်ပျက် နိုးလာသည့် ကျွန်မ။ အိပ်မက်ထဲမှာ အိပ်မက်စိမ်းတံတားသည် ထင်ထင်ရှားရှားကြီး ပေါ်လွင်နေသည်။ မြစ်ရေစီးသံသည် တဝေါဝေါဆူညံနေသည်။ မိုးကြီးလေကြီးထဲ မိန်းမတစ်ယောက် အိပ်မက်စိမ်းတံတားဆီ ဦးတည်သွားနေသည်။ ပြီးတော့ ဝုန်းခနဲ ရေထဲသို့ တစ်စုံတစ်ရာကျဆင်းသွားသည့်အသံ။

ကျွန်မ နိုးထလာတော့ ချွေးစေးတွေပြန်နေသည်။ ပြတင်းတံခါးမှကြည့်လိုက်သောအခါ အပြင် ဘက်မှာ အိပ်မက်ထဲမှာလို မိုးတွေရွာမနေပါ။ အမှောင်မပြယ်သေး၊ အလင်းသည် မဝံ့မရဲတိုးဝင်စ နံနက်ဆည်းဆာမြင်ကွင်းတွေ မသဲမကွဲဝေဝါးနေချိန်။

ပြတင်းတံခါးမှ ချိုအီအီမွှေးရနံ့တစ်ခု ဝေ့ဝေ့ဝဲဝဲတိုးဝင်လာသည်။ ကျွန်မ နံနက်တိုင်းလမ်းထ လျှောက်နေကျ တစ်ခါမျှ ထိုမွှေးရနံ့မျိုး မရဘူးခဲ့။ စံပယ်ရနံ့လား၊ အင်း ... ကျွန်မ မသိသော ပန်းရနံ့ တစ်ခုခုလေလား။ ထိုရနံ့သည် ကျွန်မကို အိမ်ထဲမှ ထွက်လာရန် မြှူဆွယ်လိုက်လေသည်။

အိမ်ပြင်ရောက်တော့ မွှေးရနံ့သည် ပိုမိုသိပ်သည်းလာလေသည်။ ကျွန်မခြေလှမ်းတွေ လှုပ်ရှား လာသည်။ မမြင်ရသည့် စွမ်းအားတစ်ခုက အလုံးအရင်းနှင့် ညှို့ယူနေသလို၊ ထိုအမွှေးရနံ့နောက် လိုက်သွားမိသည်။ အို ... ကျွန်မ စက်ရုံအနောက်ဘက်ဆီ သွားနေမိသည်ပါလား၊ စက်ရုံ အနောက်ဘက်မှာ

အိပ်မက်စိမ်းတံတားရှိသည်။ ငြိမ်း တစ်ခါကလှမ်းပြသဖြင့် အဝေးမှ မြင်ရသည်မှ အပ အိပ်မက်စိမ်းတံတားသည် ကျွန်မနှင့်ရင်နှီးမှုမရှိလှပါ။ ကျွန်မ ဘာကိစ္စ အိပ်မက်စိမ်းတံတားဆီ ဦးတည်ပြီးသွားနေသနည်း။ အဓိပ္ပာယ်မရှိလှပါ။

ကျွန်မခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ ထိုအချိန်မှာပင် တံတားထိပ်မှာ လူတစ်ယောက် ရပ်နေသည်ကို မသဲမကွဲတွေ့လိုက်ရသည်။ သေချာသည်မှာ မိန်းမတစ်ယောက်ဖြစ်နေခြင်းပင်။ ချက်ချင်းပင် ကျွန်မ အိပ်မက်ကို သတိရလိုက်မိသည်။ ဒေါ်စိမ်းလဲ့ရည်များလား ...

တိတ်ဆိတ်နေသော ဝေလီဝေလင်းအချိန်ကြီးတွင် ငိုညည်းသံသဲ့သဲ့သည် ချောက်ချားစဖွယ် ပေါ်ထွက်နေသည်။ ဒေါ်စိမ်းလဲ့ရည်ရဲ့ဇာတ်ကပြီးဆုံးသွားပြီ မဟုတ်လား။ ဒါဆိုလျှင် ဤအနီးဝန်းကျင် မှ အလားတူ အမျိုးသမီးတစ်ယောက်ကော မဖြစ်နိုင်ဘူးလား။ ဘာကိစ္စနှင့် ပူပန်လောင်မြိုက်စွာ ဖွဲ့ဖွဲ့ ကြွေကြွေ ငိုကြွေးနေသနည်း။ ကျွန်မသည် အမျိုးသမီးကိုနှစ်သိမ့်ရန် အိပ်မက်တံတားဆီသို့ ခပ်သွက် သွက်လှမ်းမိသည်။ လူ မလျှောက်တာကြာပြီဖြစ်သော တောလမ်းကလေးသည် မြက်ရိုင်းပင်တို့ဖြင့် တောထူကြမ်းရှနေ၏ ။

တံတားထိပ်ရောက်တော့ မြစ်ပြင်လေတဟူးဟူးက စိမ့်ခနဲအေးတက်လာသည်။ အိပ်မက်ထဲမှာ လို မိုးများ ရွာဦးမှာလား။ မရွာပါ ။ ဆောင်းနှောင်း နှင်းမြူတို့သာ လှိုက်ခနဲဝေ့တက်လာသည်။

ပတ်ဝန်းကျင်သည် အလင်းအား တိုးဝင်လာရမည့်အစား ဝေဝါးမှုန်သီလာသည်။ အမျိုးသမီးနှင့် နီးလာသည်နှင့်အမျှ ရှိုက်ငင်နေသဖြင့် လှုပ်ခုန်နေသော သူမ၏ နောက်ကျောပြင်သိမ့်သိမ့်ကိုစိတ်လှုပ် ရှားဖွယ် မြင်နေရသည်။

ကျွန်မသည် သူမကို နှစ်သိမ့်စကားဆိုရန်

လက်ကိုဆန့်တန်းလိုက်လေသည်။ ထိုအချိန်တွင် မြူခြေတို့ ဆိုင်းဆိုင်းတွဲ့တွဲ့ မှိုင်းမှုန်ကျဆင်းလာသည်မှာ သူမနှင့် ကျွန်မကြား နှင်းကန့်လန့်ကာ ခြား ထားသည့်နှယ် ...။

ထူးဆန်းသည်မှာ ကျွန်မ ဆန့်တန်းလိုက်သည့်လက်၏ အတွေ့အထိသည် ထိသလို မထိသလို မရေမရာဖြစ်ပြီး တကယ်တန်းမှာတော့ ရှေ့မှာ မည်သည့်အရာဝတ္ထုမှ မရှိတော့ပါချေ။

နှင်းတောထဲမှ သူမဘယ်ကို ရောက်သွားသလဲ။ တံတားထိပ်မှ ရေထဲခုန်ချသွားလျှင်လည်း အသံကြားရမည်။ ယခု ဘာသံမှမကြား ၊ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်၊ အလင်းဖျော့ဝန်းကျင် ၌ ကျွန်မ တစ်ယောက်တည်း။ ဟင် ... ဒါဆို စောစောက အမျိုးသမီး ... ချိုအီအီ မွှေးရနံ့။ ဒါဟာ ... ဒါဟာ တစ်စုံတစ်ရာရဲ့ ခြောက်လှန့်မှုလေလား။

ကျွန်မရဲ့ ညာဘက်လက်ဖဝါးပြင်ကို ဖြန့်ကြည့်တော့ ဘုရားရေ ... ဆံခြည်မျှင်စ အချို့၊ ဒါဆိုရင် စောစောက လေထုထဲထိသလို မထိသလိုနှင့် ထိလိုက်မိသည့်အရာမှာ အမျိုးသမီး၏ ဆံခြည်မျှင်တွေ လား။ စောစောက အမျိုးသမီးဆံပင်ကို ထုံးဖွဲ့ထားတာလား။ သတိထားမိလိုက်သည်မှာ အမျိုးသမီး ဝတ်ထားသော ဝတ်စုံ၏ ဖြူတူတူအဆင်အသွေးကိုပင်။

“ အဲဒီ ညက သူဝတ်နေကျ ဆင်စွယ်ရောင် အပွင့်စိပ်စိပ်ဝတ်စုံက မှောင်ရီဝေဝါးအောက်မှာ ထင်းထင်းကြီးမြင်သာနေတယ် ”

ငြိမ်းတစ်ခါပြောဖူးသော အိပ်မက်စိမ်းတံတားရဲ့ ဇာတ်ဝင်ခန်း ဒါဆိုရင် ... ဒါဆိုရင် ...

“ ကေရေ ... မြတ်ကေခိုင်ရေ ”

ဟင် ... ငြိမ်းရဲ့ခေါ်သံ။ ခပ်ဝေးဝေးမှ နီးလာသော ငြိမ်းရဲ့ခေါ်သံသည် အဆက်မပြတ်။ ကျွန်မကို ငြိမ်းလိုက်ရှာနေပြီထင်ပါရဲ့။ ငြိမ်းရေ ... ကိုယ် ဒီမှာ။

ကေဒီမှာ အသံပေးချင်ပေမယ့် ရုတ်တရက် အသံထွက်ဖို့ကြိုးစားမရ ဖြစ်နေတာ ဆန်းလှပါလား။ ငြိမ်းသည် တံတားပေါ်ကို သွက် သွက်လှမ်းလာလိုက်သည်မှာ တံတားဟောင်းကလေးပင် တုန်ခါနေတော့၏

“ ကေ … ကြည့်စမ်း၊ ဒီမှာတစ်ယောက်တည်း ဘာလုပ်နေတာလဲ။ ခါတိုင်းလို လမ်းလျှောက် ထွက်သွားတယ် ထင်နေတာ။ စက်ရုံစောင့်ကောင်လေးက ဒီဘက်ကိုသွားတာ တွေ့တယ်ဆိုလို့။

ဘာကိစ္စ ကေက အိပ်မက်စိမ်းတံတားပေါ်ရောက်နေရတာ လဲ။ ဘုရားရေ … ကေ့ တစ်ကိုယ်လုံး အေး စက်တောင့်တင်းနေပါလား။ လာ … လာ ပြန်ကြပါစို့။ စောစောစီးစီး ဧည့်သည်ရောက်လာလို့ ကေ့ရဲ့။ ဟိုမှာ ဘယ်သူလဲ ကြည့်စမ်းပါဦး ”

ငြိမ်းက ကျွန်မပခုံးကို ခပ်ဆတ်ဆတ်ယမ်းခါကာ စကားတွေ အဆက်မပြတ် တတွတ်တွတ် ပြောနေသည်။ ကျွန်မ ငြိမ်းကို ပြန်ပြောစရာစကားမရှိလှပါ။ အိပ်မက်စိမ်းတံတားပေါ် ရောက်နေသည့် ကိစ္စသည် မည်သူတစ်ဦးတစ်ယောက်ကို ပြောပြ၍ ကောင်းသည့်ကိစ္စ မဟုတ် ကျွန်မတစ်ယောက် တည်းနှင့်သာ သီးခြားဆိုင်သည့်ကိစ္စဖြစ်သည်။ ငြိမ်းစကားထဲမှာ စောစောစီးစီး ဧည့်သည်ရောက်လာ လို့ ဆိုပါလား။ ဘယ်ကဧည့်သည်ပါလိမ့်၊ လောင်းလုံမြို့နယ်ထဲမှ လှိုင်းသစ်အအေးခန်းစက်ရုံဆီ ကျွန်မ ထံလာသည့် ဧည့်သည်မှာ မည်သူဖြစ်မည်လဲ။

ပတ်ဝန်းကျင်တွင် စောစောကလို နှင်းမြူငွေ့တွေ မရှိတော့သော်လည်း အလင်းသည် အမှောင် ကို ထိုးဖောက်ဖို့ ရုက်ရွံ့နေဆဲ၊ အိပ်မက်တံတားရဲ့ အဝင်ထိပ်မှာတော့ လူတစ်ယောက်ရပ်နေသည်။ ကျွန်မသည် ထိုသူအနီးသို့ ခပ်သွက်သွက် လျှောက်သွားရာ ခရီးဆောင်အိတ်ကိုလွယ်လျက် မုတ်ဆိတ် မွေး ပါးသိုင်းမွေးတွေ ရိတ်သင်ပယ်ဖျက်ဖို့ မေ့လျော့ဟန် တူနေသော ညှဉ်းသိုးသိုးအသွင်သဏ္ဍာန်ဖြင့် လူတစ်ယောက်။

“ ကိုယ်တစ်ယောက်တည်း နေရတာ သည်းမခံနိုင်လောက်အောင် ငြီးငွေ့လာလို့ ကားလမ်းက နေ လိုက်ချလာတာ၊ ညကထားဝယ်ရောက်တော့ မိုးချုပ်နေပြီ၊ အခု မနက်စောစောကြီး လိုင်းကား မစောင့်နိုင်ဘဲ ဆိုင်ကယ် ကယ်ရီငှားပြီး ... ”

အလို ... ဘုရားရေ မောင်။ ကေရှိရာကို လိုက်လာခဲ့သည့်မောင်၊ ငြိမ်းရဲ့ စကားဖြင့်ပြောရလျှင် ချွင်းချက်နှင့် ကောင်းသူကြီးကတော့ စေးထန်းနှောင်ဖွဲ့အပ်သော ငွေ့ရည်ဖွဲ့ချစ်ခြင်းများစွာဖြင့် လာ ခြင်းကောင်းစွာ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

စောစောက တွေဝေအုံမှိုင်းနေသော စိတ်သည် ရုတ်တရက်လင်းပွင့်စွာဖြင့် သွေးတို့သည် နွေးထွေးစွာ လည်ပတ်လာလေသည်။ ကျွန်မသည် လူမသိသူမသိ( ကျွန်မကိုယ်၊ ကျွန်မပင် မသိသော အလွမ်းများ ) ၏ စေ့ဆော်မှုကြောင့် မောင့်လက်ကိုကိုင်ဆွဲကာ အိပ်မက်စိမ်းတံတားပေါ်သို့ပြန်တက် လိုက်လေသည်။ မောင်ကတော့ ကျွန်မအပြုအမူကို နားမလည်ရှာပါ။

မြစ်ပြင်သည် တဖြည်းဖြည်းဝင်းပလာသော အလင်းအောက်တွင် နံနက်ခင်း၏ ပြယုဂ်ဝါရည်ဝါ သွေး ဖန့်ဖန့်ဖြင့် တလွန့်လွန့်စီးဆင်းနေသည်။ မြစ်တို့မည်သည် နှစ်ခါပြန်စီးဆင်းမှုမရှိတဲ့၊ မကောင်း သော အနိဋ္ဌာရုံများ၊ အတွင်းသားကို လှိုက်စားနေသော အပူတံကျင်များ ရက်စက်ကွဲကြေသော နှလုံး သွေးအလျဉ်များ မြစ်ရေမှ သယ်ဆောင်သွားပါလေတော့။

ဟောသည် ကမ္ဘာမြေမှာ အတုအယောင်အချစ်၊ အယောင်ဆောင်အချစ်တွေဆုံးရှုံး၊ ဘဝနိဂုံး မလှသည့်အဖြစ်များရှိသလို စစ်မှန်သောအချစ်တို့ရင့်မာစွာ သီးပွင့်ကမ္ဘာတည်သရွေ့ ဆင့်ကမ်း ဘဝ ခရီးလမ်းရှည်ကြီးဆုံးအောင် ထုံးဖွဲ့ နှောင်တွယ်မည့် လူသားတွေရှိနေသေးတယ်ဆိုတာ အိပ်မက်စိမ်း တံတား သိစေချင်လိုက်တာ။

“ ကေရေ … နေလို့မှကောင်းရဲ့လား။ စိတ်ကောင်းကောင်းထားနော်၊ ဦးဇေယျာလည်း အဝေးကြီးကလာရတာ ခရီးပန်းနေပြီ။ နားပါစေတော့။တို့တစ်တွေ အိမ်ထဲမှာ ကော်ဖီသောက်ပြီး နွေးနွေးထွေးထွေး သွားနေကြရအောင်။ လာပါ … သွားကြစို့ရဲ့ ”

လောလောဆယ် ကျွန်မအပြုအမူအတွက်၊ နားမလည်နိုင်စွာ စိတ်ပူနေသော ငြိမ်းနှင့် ခရီးဝေး မှ ယခုပင်ရောက်လာသော မောင့်အပေါ်မှာ ကျွန်မအတွေ့အကြုံနှင့် ရင်တွင်းခံစားချက်ကို ဖွင့်ဟ ထုတ်ဖော်ပြောဆိုရန် ဆန္ဒမရှိလှပါ။

တစ်ခုပြောချင်သည်မှာ ငြိမ်းစိုးရိမ်သလို မဟုတ်ဘဲ၊ ကျွန်မ ကိုယ်ရောစိတ်ပါ ကျန်းမာရေး ကောင်းသည် ဆိုသောကိစ္စပင်။ ထိုအရာသည် သေချာသည်ထက် သေချာလွန်းလှ၏ ။

**ရုပ်ရှင်အမြို့တေ မဂ္ဂဇင်းဇင်း**
**မတ်လ၊ ၂၀၀၈ ခုနှစ်**

*

## မိန်းမရိုင်းအသည်းကို ငရဲပို့မယ်ငါ

ရွှန်းစိုစို နုဖပ်ဖပ်ပွင့်အာလုလု နှင်းဆီပွင့်ချပ်တွေလို လန်းစွင့်ဖို့ အားယူနေတဲ့ နံနက်ခင်းဟာ ပင်လယ်အတွင်းမှာ ချထားတဲ့ ငါးဖောင်တွေဆီအပြေးအလွှား အသော့နှင်ရောက်ရှိလို့ လာပါပြီ။ ကျွန်းတောင်တွေရဲ့ အကာအကွယ်ယူပြီး သဘာဝ က ခြယ်မှုန်းထားတဲ့ ပင်လယ်ရေစိမ်းတောက် တောက်ပေါ်မှာ ဖော့တုံးရဲ့ ဖော့အားနဲ့ ဖောင်ဖွဲ့တည်ဆောက်ထားတဲ့ ငါးဖောင်ထဲမှာတော့ ပိုက်ကွက်စိပ်တွေဟာ တန်ဖိုးကြီးကျောက်ငါးတွေကို ပွေ့ငင်သိမ်းထုပ်ထားကြတယ်။ ဖောင်ကန်ရဲ့ အောက်ခြေမှာ သံခွေတပ်၊ အလေးခဲဆွဲထားတာမို့ ပင်လယ်ရေထဲ နစ်မြုပ်နေတဲ့ အပိုင်းမှာတော့ ကျောက် ငါးအပြင် အလှမွေးငါး၊ ငါးပါးနီကြီးတွေပါ တစ်ကန့်စီခြားလို့ လှုပ်ရှား ညင်သာကူးခပ်နေကြ လေရဲ့။

နေခြည်ဝင့်ဝါနေတဲ့အတွက် နံနက်ခင်းရှင်းသန့်သန့် လေပြည်ဟာ မြို့ရွာဆိပ်ကမ်းမှာလို ညှီစို့စို့ မနေဘဲ အေးမြလန်းဆန်းလို့နေတယ်။ ဖောင်ကန်နဲ့တွဲလျက် ဖောင်အိမ်နံဘေးမှာတော့ ကုမ္ပဏီရဲ့ တံဆိပ် P.P.T စာလုံးကြီး ရေးထားတဲ့ စက်လှေတစ်စီး ထင်းထင်းကြီး ရပ်နေတယ်။ ဖောင်ကန်ရဲ့ ဟိုဘက်မှာလည်း ငါးတင်ငါးဝယ်မယ့် သင်္ဘောကြီးကတော့ ခန့်ခန့်သန့်သန့်ကြီးပါပဲ။ မဆိုစလောက် ကလေး ထူးခြားမှုကတော့ ခြေလှမ်းလိုက်တိုင်း မြောက်ခုန် လှုပ်ရှားနေတဲ့ ကန်ပေါင်သွားလမ်းပေါ်မှာ အလုပ်သမားတွေ အတော်များများ ခြေချင်းလိမ် အလုပ်များနေကြတယ်။

ဒီနေ့ ... ဟောင်ကောင်သင်္ဘောထဲ ကျောက်ငါးတွေ ပြောင်းရွှေ့တင်ကြမယ့်နေ့။ အခုရောင်း မယ့် ကျောက်ငါးတွေဟာ

ရောင်းတန်းအရွယ်မရောက်သေးတဲ့ လက်တစ်ဝါးသာသာ အရွယ်ကလေး တွေပါ။ ဒါကို သူတို့နိုင်ငံမှာ အရွယ်ရောက်တဲ့အထိ ဆက်လက်မွေးမြူမှာ ဖြစ်ပါသတဲ့။

ကိုခင်မောင်လှ သဘောဆို ဈေးကောင်းရတဲ့ ဆိုက်အရွယ်အစားရောက်မှ ရောင်းစေချင်တယ်။ အင်းလေ ။ သူတို့သူဌေးက သူတို့ထက် ဘရိန်းပြေးသူဆိုတော့ ဒီအရွယ်ရောင်းတာလည်း သူ့မှာ သီးခြား ရည်ရွယ်ချက်တော့ရှိမှာပေ့ါ။ ယေဘုယျအားဖြင့် ကန်တွေမှာ ငါးကြပ်နေလို့ ရောင်းပစ်တာဆို လား။ ဖောင်ကန်လေးရာကျော်ရဲ့ မွေးအားဟာ နည်းတာ မဟုတ်ဘူး။ ကဲ ... ဘာကြောင့် ရောင်းရောင်း ကိုယ့်အတွက် မြတ်မြတ်ကလေး ကျန်မှရောင်းမှာကိုတော့ ကိုခင်မောင်လှ အနေနဲ့ သဘောပေါက်ပြီးသားပေ့ါ။

“ ဝါးလုံးရှည် ယူမယ်ဟေ့ ”

အလုပ်သမားခေါင်းဆောင်ရဲ့ တပ်လှန့်နိုးဆော်သံဟာ နံနက်ခင်း လေပြည်ထဲမှာ ထွင်းဖောက် အန်ထွက်လာတယ်။

ဟော့ ... အလုပ်သမားတစ်ယောက် ဝါးလုံးရှည်ကိုထမ်းပြီး ငါးဖောင်ပတ်လမ်းအတိုင်း ပြေးလာ နေပြီ။ ဝါးလုံးရှည်ကို ကန်ရဲ့တစ်ဖက်ဖျားမှာ ကန့်လန့်တင်ပြီးတာနဲ့ ရေအောက်က သံခွေနဲ့ အလေးခဲတွေကို ဆွဲတင်ထားပြီဖြစ်တဲ့ ကန်ရဲ့ ပိုက်အစနှစ်ဖက်ကို ဝါးလုံးရှည်နဲ့ ဒီဘက်ထိပ်ကို စုယူပြီး ပိုက်ကန်ကို ကျဉ်းသထက်ကျဉ်းအောင် လုပ်လိုက်တယ်။

အဲဒီ အချိန်မှာ သံခွေတပ် ခပ်ခွက်အဝိုင်းလာမယ့်ရှေ့မှာ နေရာယူသူကယူ၊ နှစ်ယောက်တွဲ လက်ဆင့်ကမ်းဖို့ ပြင်သူကပြင်၊ ကီလိုဒိုင်ခွက်ရှေ့မှာ အလေးချိန်ဖတ်ဖို့ ရပ်သူကရပ် လှုပ်လှုပ်ရှားရှား ပြင်ပြင်ဆင်ဆင်နဲ့ ဖောင်ကန်ဝန်းကျင် အသက်ဝင်နေပါတော့တယ်။

ကိုခင်မောင်လှဟာ အများနဲ့မတူ ဗလာကိုယ်ထီးနဲ့ဘောင်းဘီတိုကလေးသာ ဝတ်ဆင်ထားတာ မို့ ဖုထစ်မို့ကြွနေတဲ့

သူ့ရင်အုံကြွက်သားအလှကို လှစ်ပြနေသလိုဖြစ်ပြီး သူ့ဟန်ပန်က ငါးကန်အလုပ်သမားနဲ့မတူဘဲ လက်ဝှေ့ရေးပြတော့မယ့် လက်ဝှေ့ကျော်တစ်ဦးရဲ့ ဟန်အတိုင်းပါပဲ။

တကယ်လည်း ကိုခင်မောင်လှဟာ လက်ဝှေ့ကျော်တစ်ယောက်ဖြစ်ခဲ့ဖူးတယ်ဆိုတာ ခြေဖျက် မရတဲ့ သမိုင်းခြေရာတစ်ခုပါ။ သည်တုန်းက ငါးကန်လုပ်သား ကိုခင်မောင်လှမဟုတ်သေးဘူး။ လက်ဝှေ့လောကမှာ သူ့နာမည်က “ လောကနတ်ခင်မောင်လှ ” တဲ့။

နာမည်လေးက ကဗျာဆန်သလို အဓိပ္ပာယ်က ကျယ်ဝန်းနက်ရှိုင်းလှပါတယ်။

“ ကဲ လာပြီဟေ့ ”

ပိုက်ကန်ထဲ ကျောက်ငါးတွေကို ခပ်ထုတ်လိုက်တဲ့ သံခွေတပ်ခပ်ခွက်ဟာ “ ဟေ့ … ဟေ့ ” ဆိုတဲ့ တိုင်မင်ညီ အာလုတ်သံနှင့်အတူ နှစ်ယောက်လက် နှစ်ယောက်ပြောင်းရင်း ကိုခင်မောင်လှတို့ အတွဲဆီ ရောက်လာပါတော့တယ်။ အနီးဆုံး ကီလိုစက်ဝိုင်းနဲ့ ဆက်ထားတဲ့သံချိတ်မှာ ချိတ်လိုက်တယ် ဆိုရင်ပဲ ဟောင်ကောင်သင်္ဘောပေါ်က ငါးတာဝန်ခံကလည်း သူတို့ဘာသာစကားနဲ့ သူတို့အော်၊ မြန်မာအလုပ်သမားခေါင်းဆောင်ကလည်း မြန်မာလိုအော် ၊စာရင်းဇယားမှတ်သူမှတ်၊ ဂဏန်းပေါင်း စက် နှိပ်သူနှိပ်နဲ့ ဝန်းကျင်တစ်ခုလုံး အသံဗလံတွေ လှုပ်ခတ်ခတ် ညံဆူဆူ ဖြစ်နေပါတော့တယ်။

ခပ်ခွက် တစ်ခွက်၊ နှစ်ခွက်၊ သုံးခွက်၊ ဟိုးထား ဟိုးထား။ တရုတ်လို မြန်မာလို အော်ချင်ရာ အော်တာ မကောင်းဘူးကွာ။ တစ်သံတည်း အင်္ဂလိပ်လိုအော်မယ်။ Nine ဆို Nine Ten ဆို Ten မကောင်းဘူးလား။

မြန်မာအလုပ်သမားဘက်က အသံထွက်လာတော့ ကောင်းတယ်။ ကောင်းတယ်နဲ့ နိုင်ငံတကာ သုံး ဘာသာစကားအတည်ဖြစ်သွားပြီး

နောက်ပိုင်းတော့ အသံတွေ ရောထွေးမနေ၊ တူညီပြီးထင်ရှား ပြတ်သားတဲ့ အသံတစ်သံတည်းသာ တူတူညီညီ ထွက်လာပါတော့တယ်။

“ အလဲဗင်းန်း ”

“ ဟော့ ... အလဲဗင်းန်းဆို များတယ်၊ များတယ် လျှော့ ... လျှော့ တင်းန်းလောက်ဆို အတော်ပဲ။ ခပ်ခွက်ထဲ ငါးတွေကျပ်နေရင် မျက်စိကိုထိခိုက်ကုန်မယ် ”

စားသုံးဖို့ အရွယ်မရောက်သေးတဲ့ ကျောက်ငါးကလေးတွေဟာ ဟောင်ကောင်ပြည်ကြီးကို လိုက်ပါဖို့ သင်္ဘောဝမ်းထဲကို တစ်သုတ်ပြီးတစ်သုတ်ဆင်းချသွားကြတယ်။ သင်္ဘောဝမ်းကြီးထဲမှာ သင်္ဘောမထွက်ခင် ရေဟောင်း ရေသစ် လဲလှယ်ပေးတဲ့စနစ်နဲ့ ပြုပြင်ထားတဲ့ သဘာဝ ပင်လယ်ရေထဲ မှာ ပျော်ရွှင်မြူးထူးလို့ပေါ့။ ဒီစနစ်က သင်္ဘောရပ်နားထားစဉ်မှာသာ ကျင့်သုံးမှာဖြစ်ပြီး သင်္ဘော ပင်လယ်ထဲ ခုတ်မောင်းနေစဉ်မှာတော့ ပင်လယ်ရေအလိုလို ဝင်ထွက်လို့ရနိုင်တဲ့ ဆို့ပေါက်တွေနဲ့ စီစဉ် ပြီးဖြစ်ပါသတဲ့။

သူတို့တိုင်းပြည်မှာတော့ ကျောက်ငါးသားပေါက်တွေ ဘယ်လိုမွေးမြူသားဖောက်လို့ မရသေး ဘူးဆိုတဲ့ အချက်ဟာလည်း ကိုခင်မောင်လှရဲ့ မြန်မာရေမြေချစ်စိတ်ကို သွေးကြွစေတဲ့ အချက်ပါပဲ။

ကိုခင်မောင်လှဟာ မြန်မာလူမျိုးဖြစ်ပြီး သူ့ဘဝဟာ မြန်မာပီသစွာ ကြီးပြင်းလာတာနဲ့အမျှ သူ့ ခန္ဓာကိုယ်ဖြစ်တည်မှုနဲ့ သူ့ရှင်သန်ထမြောက်ရာဖြစ်စဉ်တရားတွေလည်း အလွန်ပဲ မြန်မာဆန်လှတာ တွေ့ရတယ်။

မြန်မာမှာ “ အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးမျိုး ချက်မပိုင်လျှင် နောင် ပြင်နိုင်ခက်သည့် အမျိုး ” လို့ စာဆို

ရှိတယ်မဟုတ်လား။ ကိုခင်မောင်လှရဲ့ ဘဝဟာ အဲဒီ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး သုံးမျိုးစလုံးနဲ့ သက်ဆိုင်နေတယ်ဆိုရင် အဲဒီ တိုက်ဆိုင်မှုဟာ ယုံကြည်ရန် ခဲယဉ်းစွာ လွန်ကဲတဲ့ တိုက်ဆိုင်မှုလို့ ဆိုကြလေမလား။

ကိုခင်မောင်လှ လူပျိုပေါက်အရွယ် တောဘုရားပွဲတွေမှာ လိုက်ကတဲ့ ဇာတ်အဖွဲ့မှ ပြဇာတ် မင်းသမီးလေး ဂျမ်းကို စွဲစွဲလမ်းလမ်းဖြစ်သွားတဲ့အချိန်ဟာ သူကိုယ်တိုင် လက်ဖ္ဖေ့အပျော် လိုက်ထိုးနေ တဲ့အချိန်ပါပဲ။ ဂျမ်းဟာ အောင်ရတနာဇာတ်အဖွဲ့ရဲ့ ရေ့ထွက် စတိတ်ရှိုးမင်းသမီးလည်းဟုတ်၊ ပြဇာတ် မင်းသမီးလည်းဟုတ်တဲ့ မာယာရှင်မလေး ဂျမ်းပါ။

ဂျမ်းရဲ့အနုပညာမှော်ရုံ၊ ကွန်ရက်ထဲမှာ ကိုခင်မောင်လှတစ်ယောက် ရုန်းမထွက်နိုင်အောင် စွဲငြိ ခဲ့တဲ့ ကာလတွေကတော့ တိုတောင်းလွန်းလှပါတယ်။ လက်ဖွေ့ကျော်ကြီးကို ဂျမ်းက အရုပ်ကလေး တစ်ရုပ်လိုပစ်ပေါက် မြှောက်ချီပြီးကစားပြီးတဲ့ နောက်ပိုင်းမှာတော့ ကိုခင်မောင်လှတစ်ယောက် သူ့ဇလကိုမှ အားမနာပူပုံပန်း အလွမ်းဇာတ်ကို တစ်ကိုယ်တည်း ဆက်ကနေရတော့တယ်။

ကျစ်လျစ်သန်မာလှတဲ့ ကြွက်သားတွေနဲ့ ဆန့်ကျင်စွာ နှလုံးသားနုနု သွေးခြည်ဥတဲ့ဒဏ်ကို အရက်နဲ့ကုစားရင်း တေတေပေပေ နေခဲ့တဲ့ရက်တွေ မနည်းလှဘူး။ နောက်တော့လည်း ဖျက်မရတဲ့ နှလုံးသားအက္ခရာကို ကိုခင်မောင်လှရဲ့ တစ်ကျော့ပြန် ချစ်ခရီးလမ်းမှာ ဟန့်တားတန့်နားစေတဲ့ အကြောင်းတရားတွေ ဖြစ်လာခဲ့ပြန်တယ်။

အထိန်းမတတ် စိမ်းဆတ်ဆတ်အရွယ်ဆီက ခံစားချက်လှိုက်ခုန်မှုဟာ တကယ်ရင့်ကျက်လာ ပြီး အချစ်စစ် အချစ်မှန်နဲ့ တွေ့တဲ့အခါမှာတော့ မှုန်ဝါးသေးငယ်တဲ့ အစက်အပြောက်မျှသာ ဖြစ်တယ် ဆိုတဲ့အဆိုကို နောက်ကျနောင်တတွေနဲ့ မလိုချင့်လိုချင် လက်ခံလိုက်ရတော့တယ်။

ကိုခင်မောင်လှရဲ့ တကယ့်ဗီဇမျိုးရိုးက ဘုရားပရိဝုဏ်တွေမှာ မှန်စီရွှေချတဲ့ လုပ်ငန်းနဲ့ အသက် မွေးကြတာပါ။ ဖခင်လုပ်သူက သူ့သား အပျော်လက်တွေ့ထိုးနေတာကို အားမပေးလှဘူး။ မိဘ လက်ငုတ်လက်ရင်းကို စိုက်လိုက်မတ်တတ် လုပ်စေချင်တယ်။ ဂျမ်းကို စွဲလမ်းစိတ်နဲ့ အရမ်းကြီးရမ်းပြီး နေသားတကျ ဖြစ်လောက်ပြီဆိုမှ သူ့အဖေက ကိုခင်မောင်လှရဲ့ ဘဝဟောင်း အရေခွံကို ချွတ်ခွာဖို့ အပျော့ဆွဲတရား ဟောပါတော့တယ်။

သည်လိုနဲ့ ကိုခင်မောင်လှဟာ စိတ်ပြေလက်ပျောက် စိတ်ပြောင်းစိတ်လွဲ သဘောမျိုး ဖခင်သွားရာနောက်လိုက်ပါရင်း ဘုရားတွေမှာ မှန်စီရွှေချ အလုပ်ထဲ နေသားကျသွားပါတော့တယ်။ မှန်စီရွှေချလုပ်ငန်းဆိုတာ တကယ့်အနုစိတ် လက်ရာမြောက် စိတ်ရှည်လက်ရှည်လုပ်ရတဲ့ လုပ်ငန်း၊ စိတ်ငြိမ် လက်သေလုပ်ရတဲ့လုပ်ငန်း၊ အစဉ်အမြဲ လှုပ်ရှားလူးလွန့်ခဲ့တဲ့ ကိုခင်မောင်လှရဲ့ ဖြတ်သန်း

တွန်းတိုက်မှုနဲ့ ခြားနားစွာပဲ တစ်ကန့်စီသွားနေတာမို့ ဒီအလုပ်ထဲမှာတော့ ကိုခင်မောင်လှ ပျော်ရွှင် လှတယ် မဟုတ်ဘူး။

အဲဒီ မှာပဲ သထုံလို မြို့ကြီးတစ်မြို့ရဲ့ ရွှေစာရံဘုရားပရိဝုဏ်မှာ မှန်စီရွှေချရင်း ဂျမ်းနဲ့မတူတဲ့ သီးသန့်ချစ်ခြင်းအရှင် ဒေဝီသခင်မလေးနဲ့ တွေ့ခင်ကြုံခဲ့ရတယ် ဆိုပါတော့။ မျက်ဝန်းလဲ့လဲ့ အသား လတ်လတ် သွယ်လျလျမိန်းကလေးကတော့ ဘုရားရင်ပြင်မှာ ခိုစာရောင်းရင်း မိခင်အိုကြီးရဲ့ အမွေးနံ့ ရောင်းဆိုင်မှာ ကူညီနေသူလေးပါ။ မျက်နှာကျ မဆိုးလှတဲ့ ကိုခင်မောင်လှနဲ့ မနောဖြူမလေးတို့ဟာ အချိန်တိုအတွင်းမှာပဲ နီးစပ်ကျွမ်းဝင်သွားကြတယ်။ သူတို့နှစ်ဦးဟာ ဘုရားဝင်းကြီးထဲက စိမ်းမြမြကန် ရေပြင်ပေါ်တက်လေ့ရှိတဲ့ လိပ်တွေကို အစာကျွေးရင်း လိပ်ကန်ရဲ့ ကုက္ကိုပင်ရိပ်မှာ အကြင်နာစကား တွေ ဆိုခဲ့ကြတယ်။

လက်လုပ်လက်စား ဘဝတူချင်း ချစ်ခြင်းရည်တူ

ကြည်ဖြူမှုဖြင့်ဘာအနှောက်အယှက် အဟန့် အတားမှ ကြားမဝင်နိုင်ခဲ့ဘူး။ ဒီလိုနဲ့တစ်နေ့မှာတော့ ရာသီဥတုက ပူပြင်းလှတာမို့ မနက်ကတည်းက ချွေးတွေနဲ့ရွှဲနစ်နေတဲ့ တီရှပ်ကို ချွတ်လိုက်တယ်ဆိုရင်ပဲ ကိုခင်မောင်လှရဲ့ ကိုယ်ပေါ်က ဆေးမင် ကြောင်တွေ အကာအကွယ်မဲ့ ထင်းထင်းကြီး ပေါ်သွားပါတော့တယ်။ ဘုရားထဲမှာ အလုပ်လုပ်ရတာ ဆိုတော့ မလေးမစား မရိုသေရာရောက်မှာစိုးလို့ အကျႌ....... ချွတ်လေ့မရှိတဲ့ ကိုခင်မောင်လှရဲ့ ကြွက်သား ဖုထစ် ကာယအလှကို သူ့ချစ်သူဟာ တအံ့တဩ ငေးမောနေရင်းမှ ...

“ မိန်းမရိုင်းအသည်းကို ငရဲပို့မယ့်ငါ ”

ကိုခင်မောင်ရဲ့ နှလုံးသားတည်ရာ နေရာမှာ မြင်တွေ့ဖတ်ရှုလိုက်ရတဲ့ စာတန်းက သူ့ချစ်သူ မသက်လုံကို အကြီးအကျယ် ဖမ်းစားလိုက်တော့တယ်။ စာကို ရေးတတ်ဖတ်တတ်ရုံသာရှိတဲ့ ခိုစာ ရောင်းတဲ့ မသက်လုံဟာ အဲဒီ စာတန်းကို အကြာကြီးခဲရာခဲဆစ် ဖတ်ရရှာတယ်။ ဖတ်ရင်းဖတ်ရင်း ငိုမည်းမဲ့မဲ့ ဖြစ်လာတဲ့ မသက်လုံရဲ့ မျက်နှာကလေး ချုံးပွဲချ ငိုကြွေးတဲ့ဆီ ရောက်သွားတဲ့အခါမှာတော့ ကိုခင်မောင်လှတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပါတော့တယ်။

အဲဒီ ညနေက ဘုရားကြီးရဲ့ အရှေ့ဘက်စောင်းတန်း နံဘေးက ရှေးဟောင်းကျောက်စာတိုင် တွေကိုမှီပြီး အငိုသည်းနေတဲ့ ချစ်သူလေးကို ဘယ်လိုတေးသိပြီး ချော့ရမှန်းမသိအောင် ကိုခင်မောင်လှ စိတ်အညစ်ကြီးညစ်ခဲ့ရတယ်။

“ တိတ်ပါတော့ လုံကလေးရယ်၊ အလကားခေါင်းတွေ ကိုက်ကုန်ပါ့မယ်၊ ဒီစာတန်းက ဟိုတုန်းက ကိုယ် စိတ်ရူးပေါက်ပြီး ထိုးခဲ့တာပါ။ ဘာရယ်မဟုတ်ပါဘူး ”

“ ဟင့်အင်း၊ ဟင့်အင်း၊ ဘာရယ်မဟုတ်လို့ ရမလား။ ဟုတ်လို့ အသားနာခံပြီး ထိုးခဲ့တာပေ့ါ။ ပြော ဘယ်ကမိန်းမရိုင်းလဲ၊ အဲဒီ မိန်းမရိုင်းနဲ့ရော

လွတ်လွတ်ကင်းကင်း ရှိခဲ့ရဲ့လား ”

ရော် ခက်ရချည့်ရဲ့ ပြောနေရင်းနဲ့ အမူက ကျယ်ပြန့်လာပြန်ပြီ။ မဆီမဆိုင် လက်ပံသားဓားနဲ့ ချိုင်ပြီး ပတ်ရမ်းတော့မှာထင်ပါရဲ့။

“ မဟုတ်ပါဘူးကွာ၊ အလကား အတွေးခေါင်လို့ လုံကလေးရာ၊ မိုးကြိုးပစ် အဲ့ဒီမိန်းမနဲ့ ဘာမှမဖြစ်ခဲ့ပါဘူး။ အဲဒီ တုန်းက ကိုယ်က ငယ်တုန်းရွယ်တုန်းမို့ စိတ်ကစားမိတာပါ ”

“ ဒါဆိုပြော ဘယ်သူလဲ၊ အဲဒီ မိန်းမက ဘယ်ကလဲ၊ လုံကလေးထက် ပိုချောလား၊ ပိုလှလား ”

အဲဒါပါပဲ မိန်းမတွေဟာ မမြင်ရမတွေ့ရ ဆုပ်ကိုင်လို့မရတဲ့အတိတ်က အရိပ်အငွေ့တွေနဲ့ လိုက်ပြီး သူသာကိုယ်သာ နှိုင်းယှဉ်ချင်ကြသေးတယ်။ သူ့ရဲ့ မဆင်မခြင် ဆေးမင်ကြောင်စုတ်ထိုးမှုဟာ သူ့ရဲ့ အိမ်ထောင်မှုကို အဟန့်အတားပြုနေပြန်ရော။ နောက်ဆုံး သူ့ရဲ့ စည်းရုံးဆွဲဆောင်သည်းခံ စိတ်ရှည်မှုတွေကြောင့် လုံကလေးကို ဇွဲဆုအဖြစ် ရလိုက်ပေမယ့် အိမ်ထောင်ကျပြီးတဲ့အထိ ဒီစာတန်းဟာ ကိုခင်မောင်လှတို့ ချစ်ခရီးလမ်းမှာ အမြဲတမ်းဟန့်တားခြောက်လှန့်ဖွယ်ရာတစ်ခု ဖြစ်နေပါတော့တယ်။

“ ကိစ္စပြီးရင် ပစ္စည်းတွေ စနစ်တကျ အကုန်သိမ်းမယ်ဟေ့ ”

ကိုခင်မောင်လှဟာ သူ့လက်တွေ တိုင်မင်ကိုက် လှုပ်ရှားနေပေမယ့် သူ့စိတ်တွေ ပျံ့လွင့် ဝေးကွာသွားမှုအတွက် သူ့ဘာသာသူ ရယ်ချင်ချင်ဖြစ်သွားပြီး ခပ်ခွက်တွေ စနစ်တကျသိမ်းဆည်းပြီး တဲ့အခါ ရေမှော်ပင်တွေ တင်းကြမ်းပိတ်နေတဲ့ပိုက်တွေကို ဆေးကြောသန့်စင်ဖို့ သန့်စင်ဖောင်ဆီ ထွက်လာတဲ့အချိန်မှာတော့ တချို့လုပ်သားတွေဟာ သံခွေနဲ့အလေးဆွဲခဲတွေကို ရေအောက်ပြန်ချရင်း အသစ်ရောက်လာမည့် ကျောက်ငါးအသစ်တွေကိုနေရာချဖို့ အဆင်သင့် ပြင်နေကြတော့တယ်။ မကြာခင် ကျောက်ငါးသွင်းသူတွေ

လာကြတော့မှာလေ။ ဒီအနီးအနားရေပြင်မှာ လှေကိုယ်စီနဲ့ထွက်ပြီး တစ်ကောင်ချင်း မျှားယူရရှိတဲ့ ကျောက်ငါးတွေဟာ P.P.T ကျောက်ငါးစခန်းဆီရောက်လာကြမှာ အသေအချာပါပဲ။

ဒီနေ့သန့်စင်ဖောင်ပေါ်မှာ ပိုက်မှာကပ်ငြိနေတဲ့ ရေမှော်ပင်တွေကို သန့်စင်ဆေးကြောနေတဲ့ ကိုခင်မောင်လှရဲ့ လက်တွေဟာ ခါတိုင်းထက်ပိုသွက်သယောင် ထင်ရတယ်။ ပိုက်တွေမှာဒီရေမှော်ပင် တွေ များလာရင် ရေမှော်တွေမှာ ခိုတွယ်လာတဲ့ ရေပိုးတွေက ငါးကြီးငါးငယ်တွေကို အန္တရာယ်ပေးနေ ကျမို့ ဒီလိုပိုက်တွေကို သန့်စင်မှုဟာလည်း ငါးဖောင်လုပ်သားတွေအတွက် မလုပ်မဖြစ် တာဝန်တစ်ရပ် ပဲဖြစ်တယ်။

ပိုက်ကွက်စိတ်တွေကြား ရေလုံးကြီးကြီးထိုးပြီး သန့်စင်ဆေးကြောနေတာမို့ စင်ထွက်လာတဲ့ ဖွားဖွားမှုန်မှုန် ရေစက်ရေပန်းတွေကြားထဲက ခပ်ဝါးဝါးမြင်နေရတဲ့ မော်တုန်းကြီးရွာကို လှမ်းမျှော်ကြည့် ရင်း ကိုခင်မောင်လှ ရင်ခုန်သံ နည်းနည်းမြန်နေတော့တယ်။ တစ်ပတ်တစ်ကြိမ် ရရှိတဲ့အခွင့်အရေးအရ ဒီညနေဟာ သူ့ဇနီး မသက်လုံရှိရာ မော်တုန်းကြီးရွာကို ပြန်ရမယ့်ညနေလေ ။ ဒီတော့ သူ့ရင်ဘတ်ဟာ ငါးပြေမခုန် ခုန်နေပြီပေါ့။ အသော အလွမ်း၊ အနုအကြမ်းဆန့်ကျင်ဘက် ဝိရောဓိတရားတွေလွှန်းထိုး ယှက်နွယ်ထားတဲ့ သဘာဝ တရားကြီး ကိုခင်မောင်လှဆီ တည့်တည့်ရောက်လာတာဟာ ရွှေ့လျားဖြစ် စဉ်ရဲ့ လှည့်ဖြားမှု ပရိယာယ်လေလားလို့တွေးဆဖွယ် ဖြစ်နေတော့တယ်။ ကာယဗလအားကိုးနဲ့ ထိုးခွဲ ယှဉ်ပြိုင်ရတဲ့ကြိုးဝိုင်းဆီမှ ဘုရားမှန်စီရွှေချဆီ ရောက်လာတဲ့ ကိုခင်မောင်လှရဲ့လက်တွေဟာ နောက် ထပ်တစ်ဖန် ငါးမွေးကန်ဆီ ရောက်လာပြန်တော့ နူးညံ့ညင်သာမှုနဲ့ကြမ်းတမ်းရင့်မာမှုတွေ တစ်ပြန်စီ စီးဆင်းနေပြန်ပါတော့တယ်။

ကျဲပါးပြတ်တောက်လှတဲ့ မှန်စီရွှေချဝင်ငွေနဲ့ ထမင်းမဝနိုင်တဲ့

ကိုခင်မောင်လှရဲ့ နှစ်ကိုယ်တူ ချစ်ရည်မျှ အိမ်ထောင်ထူပြီး ဘဝဟာ အဆင်းခက်ခက် အတက်ကြမ်းကြမ်းနဲ့ ကြုံတွေ့ရတာ သိပ်ဆန်း ကြယ်လှတယ်တော့ မဟုတ်လှပါဘူး။ ဖြစ်ရိုးဖြစ်စဉ်ထဲက ဖြစ်နေကျ ဖြစ်စဉ်တရား တစ်ခုမျှရယ်ပါ။ သမားရိုးကျ ဖြစ်စဉ်ထဲက ထိုးဖောက်ထွက်ချင်နေတဲ့ ကိုခင်မောင်လှဟာ ငါးဖောင်ဆွဲဆီ အရင် ရောက်နှင့်နေတဲ့ ညီဝမ်းကွဲဆီကိုနှစ်ခါမခေါ်ရဘဲ ရောက်လာတော့တယ် ဆိုပါတော့။

မြိတ်မြို့ကနေ နှစ်နာရီသာသာ ခုတ်လိုက်တဲ့အခါ ပထော်တောင်ရဲ့ အနောက်မြောက်စွန်းစွန်း ကော့မွေကျွန်း၊ ကုလားကျွန်း၊ သကျ်န်းအော်၊ ပြင်ထပ်အော်တို့ရဲ့အလွန် မော်တုန်းကြီးရေပြင်ပေါ်မှာ ပေါလောပေါ်နေတဲ့ ငါးဖောင်ပေါ်မှာတော့ ကိုခင်မောင်လှရဲ့ ဝင်ငွေက တစ်နေ့ပျမ်းမျှသုံးရာနီးပါးရပါ သတဲ့။ ဝင်ငွေက မက်လောက်ပေမယ့် သူ့ရဲ့လုံကလေးကို အဖေတို့ဆီမှာ ထားခဲ့ရတဲ့ ကိုခင်မောင်လှ ဟာ မယားကို လွမ်းတဲ့စိတ်နဲ့ တမှိုင်မှိုင်တတွေတွေပေါ့။

ကျောက်ငါးဖောင်ပေါ်မှာ ဇနီးမယား ခေါ်ခွင့်မရှိဘူး။ အရက်သေစာသောက်စားခွင့်မရှိဘူး။ ရွာနီးဝန်းကျင်လည်ချင်ပသဆို သတ်မှတ်ချိန်မှာ ရောက်အောင်ပြန်ရမယ်။ ဂျူတီဝင်ချိန် ဂျူတီချိန်းချိန်၊ ပစ္စည်းအပ်နှံမှုကအစ စနစ်တကျ စည်းကမ်းချက်တွေ ထုတ်ထားတော့ ကိုခင်မောင်လှတစ်ယောက် မလှုပ်သာပြီပေါ့။

ထင်သာမြင်သာအောင် ရေးသားချိတ်ဆွဲထားတဲ့ စည်းကမ်းချက်သတိပေးစာတန်းတွေက ကိုခင်မောင်လှအပါအဝင် ငါးဖောင်လုပ်သားတွေရဲ့ပရမ်းပတာ နေထိုင်မှုကို အနားကွပ်ထိန်းချုပ်ထား တဲ့ အရာတွေပါပဲ။ ကျောက်ငါးဖောင်တွေမှ အလုပ်သမားများဖောင်ပေါ်တွင် အရက်မူးပြီး ဆဲဆိုခြင်း၊ ရမ်းကားခြင်း မပြုလုပ်ရ၊ ညအချိန် လှေငယ်စက်ဖောင်ကို ဂျူတီသမားများမောင်းရန်တဲ့။ စက်ဖောင်ကို သတ်မှတ်ထားသော နေရာတွင် ထားရန်တဲ့။ သတ်မှတ်နေရာမှာမထားဘဲ ပျောက်ဆုံးပါက ဖောင်နှင့်

စက်တန်ဖိုးပေးလျော်ရမည်တဲ့။ ညအချိန် ကမ်းပေါ်က လူပြန်ခေါ်ရမည့်အချိန် ပထမခေါက် ၈း၃၀ နာရီ တဲ့။ ဒုတိယအခေါက် ၁၀း၃၀ နာရီတဲ့။ ဂျူတီလွှဲရင် လှေနဲ့ ဖောင်လွှဲပါတဲ့။

" အစ်ကိုမရှိတဲ့အရပ်မှာ ညီမမနေတတ်ဘူး အစ်ကိုရယ် " ဆိုတဲ့မလှမပ ၊ မရေးတတ်ရေးတတ် လုံကလေးရဲ့ စာတိုကလေးကိုဖတ်ပြီး ပင်လယ်ပြင်ငါးဖောင်ထက်မှာ နေဒဏ်မိ ကုန်းပေါ်ရောက် ငါးတစ်ကောင်ရဲ့ဖျပ်ဖျပ်လူးပူပင်မှုမျိုးနဲ့ လိမ့်လူးပူပင်ရင်း နောက်ဆုံး ချစ်ဇနီးဆီကို သူ့ထံအမြန်ဆုံး လိုက်လာဖို့ မြို့သွားလူကြုံနဲ့ အမြန်ဆုံးသံကြိုး ရိုက်ခိုင်းလိုက်ပါတော့တယ်။

သူ့ချစ်ဇနီး မသက်လုံရောက်လာတော့ ခပ်လှမ်းလှမ်းက မော်တုန်းကြီးရွာ စခန်းမှာ တစ်လ ငါးရာပေးရတဲ့ အိမ်ကလေး ငှားထားပြီးသူကတော့ တစ်ပတ်တစ်ကြိမ် တွေ့ခွင့်ကြုံအောင် ဖန်တီးလို့ နှစ်ယောက်တစ်ကမ္ဘာချစ်ခရီးဖြောင့်ဖြူးနေပါတော့တယ်။

မော်တုန်းကြီးရွာဆိုတာက ကျွန်းတောင်ကို ကျောမှီပြီး ဥယျာဉ်တစ်ပိုင်း တံငါတစ်ပိုင်းအသက် မွေးတဲ့ရွာပါ။ ဒူးရင်း၊ ရာဘာ၊ အုန်း၊ မင်းဂွတ်စတဲ့ ဥယျာဉ်ခြံထွက်တွေနဲ့ အသက်မွေးမှုအပြင် ရွာသား တွေဟာ အားလပ်ချိန်မှာ လှေကိုယ်စီနဲ့ ပင်လယ်ထဲ ကျောက်ငါးမျှား ထွက်လေ့ရှိတယ်။ အခုဆို မသက်လုံဟာ ရွာသားတွေနဲ့အတူ ကျောက်ငါးမျှား လိုက်ပါလေ့ရှိနေပြီ။ စိမ်းလဲ့လဲ့ရေပြင်က စက်တပ် လှေကလေးတွေပေါ်မှာ ယောကျ်ားမိန်းမမျှားကြိုးကိုယ်စီကိုင်လို့ ၊ သက်တုံ၊ တက်တုံရွေ့လျားနေတဲ့ လက်တွေရဲ့ လှုပ်ရှားမှုထဲမှာ ချိုမြိန်မြိန်သကာလူးတဲ့ ပန်းဖူးအိပ်မက်တွေ စီရရီချိတ်တွဲနေမှာ အသေ အချာပါပဲ။

အနာအဆာကင်းရင် တစ်ကောင်ချင်း ဈေးကောင်းပေးဝယ်နေတဲ့ ကျောက်ငါးသွင်းဈေးရဲ့ ဆွဲဆောင်မှုဟာ အမိုးမပါ အကာအကွယ်မဲ့ ကောင်းကင်ပြင်ကျယ်ကြီးရဲ့ အောက်မှာ စူးတောက် တောက်

နေခြည်ထွင်းဖောက်မှုကို အံခဲတင်းခံနေတဲ့ မကြောက်တရား ဝတ်ရုံတွေပါပဲ။

ဝတ်ရုံကို ထူထူခြုံလို့ သွက်နေတဲ့လက်များကိုတော့ P.P.T ငါးဖောင်စခန်းက နေ့စဉ်နေ့တိုင်း ကမ်းလင့်ကြိုဆိုနေပေရဲ့။ ငါးဖောင်ပေါ်မှာ တီဗွီအောက်စက်ထားရှိပြီး ဂျူတီချိန်အပ ကာလတွေမှာ နားနေကြည့်ရှုခွင့်ပေးထားပေမယ့် ကိုခင်မောင်လှဟာ မော်တုန်းကြီးရွာပေါ်မှာ သူ့ဇနီးမသက်လုံနဲ့ အတူ ယှဉ်တွဲဆိုရတဲ့ ကာရာအိုကေတေးဆိုမှုလောက် ပျော်ဝင်နှစ်ခြိုက်မှုမရှိလှဘူး။

ဝါသနာတူ လိုက်ဖက်ညီစွာ သူရော မသက်လုံပါ ကာရာအိုကေသီဆိုမှုမှာ သဘောကျ စိတ်ဝင် စားလေ့ရှိတာကလည်း ဒီပတ်ဝန်းကျင်ကလူတွေနဲ့ တစ်သားတည်း ထပ်တူဖြစ်စေခြင်းအကြောင်း တစ်ရပ်ပါပဲ။ ရွာမှာက တစ်နေ့တာ ပင်ပန်းထားသမျှ ညကျကာရာအိုကေမှာ ကြိုက်ရာသီချင်းကို ကြိုက်တဲ့တိုင်မင်နဲ့ ကြိုက်သလိုဟဲနိုင်ခွင့်ရှိတာကိုး။ ကာရာအိုကေအကြောင်းတွေးရင်း အခုတွေး အခု ရယ်ချင်ပြုံးချင်အဖြစ်ကလေးက ကိုခင်မောင်လှရင်ကို အခုချိန်အထိ ကလိထိုးနေဆဲ ရှိသေးတယ်။

ကာရာအိုကေ စဆိုမယ်ဆိုပြီး ဒေါ်တုတ်စိန်ရဲ့ စိန်ကာရာအိုကေတဲဆီကို ချီတက်သွားကြတော့ တစ်ပုဒ်ငါးဆယ်။ သုံးပုဒ်တစ်ရာတဲ့။ လုပ်လိုက်လေ ကြာသလားလို့ ဘာဆိုမှာလဲ။ ခပ်တည်တည်နဲ့ မျက်ဝန်းလဲ့ပြာပြာပေ့ါ။ ဒီသီချင်းက သူလည်းကြိုက်၊ လုံကလေးကြိုက်တဲ့ သီချင်း၊ သီချင်းက ကျားတစ် လှည့်၊ မတစ်လှည့်ဆိုရတဲ့သီချင်း။ သူတစ်လှည့် လုံကလေးတစ်လှည့် ဆိုမယ်ပေ့ါ။

တကယ်တမ်း ကာရာအိုကေဖန်သားပြင်မှာ သီချင်းစာတန်းပေါ်လာတော့ အခြေခံပညာအား နည်းတဲ့ သူရောလုံကလေးပါ သီချင်းစာသားကို စာလုံးပေါင်းနေတာနဲ့ တီးလုံးတွေ စာသားတွေလွှန် လွှန်သွားလို့ “ သွားပြန်ပဟ ငွေငါးဆယ်၊ သွားပြန်ပဟ ငွေငါးဆယ် ” နဲ့ လူရယ်စရာ ဖြစ်နေပါရော။ ဒီလိုနဲ့ သူတို့ နေပူခံ ပင်ပန်းခံရှာထားတဲ့ ငွေစကြေးစတွေ

ဒေါ်တုတ်စိန်ရဲ့ ပိုက်ဆံပုံးထဲ ခုန်ဆင်းကုန် ကြတယ်။

ကြာလာတော့ ပိုင်ရှင်ဒေါ်တုတ်စိန် ကိုယ်တိုင် သူတို့ကိုသနားပြီး မရယ်နိုင်တော့ဘူး။ ဒီပုံအတိုင်းဆို သူတို့ တစ်လရှာစာလုံးလုံး ပြုတ်သွားနိုင်တယ်လေ။

ဒေါ်တုတ်စိန်က သူ့အိမ်ထဲ ဇနီးမောင်နှံနှစ်ယောက်စလုံး ဖိတ်ခေါ်လိုက်ပြီး သူတို့ကြိုက်တဲ့ မျက်ဝန်းလဲ့ပြာပြာသီချင်းကို ကက်ဆက်နဲ့ နားရည်ဝအောင် သေချာနားထောင်ခိုင်း၊ လိုက်ဆိုခိုင်း၊ အတော်လေ့ကျင့်ပေးတော့မှ အခုဆိုဟန်ကို ကျနေပြီ။ အခြားသီချင်းတွေလည်း ဒီနည်းနဲ့လေ့ကျင့်လို့ အတော်အတန် ဟုတ်နေပြီ။

ဒီညတော့ မျက်ဝန်းလဲ့ပြာပြာအပြင် ငါးဖောင်ပေါ်မှာ လုံကလေးမသိအောင် တိတ်တိတ်လေ့ ကျင့်ထားတဲ့ သီချင်းတစ်ပုဒ် သူဆိုဖို့ စဉ်းစားထားတယ်။အဲဒီ သီချင်းက “ ယနေ့မှစနှစ်တစ်ရာတိုင် ”တဲ့။

ကိုခင်မောင်လှဟာ ညနေစောင်းတော့ ပင်လယ်ရေကို အားရပါးရကူးခပ်ချိုးပြီး ဝတ်နေကျ တီရှပ်ကို ရင်ဘတ်မပေါ်အောင် လုံလုံခြုံခြုံဝတ်လိုက်တယ်။ လုံကလေးရှေ့မှာတော့ သူ့ရင်ဘတ်လုံမှ သူ့စိတ် လုံသလိုပါပဲ။ ဘောင်းဘီကတော့ သူတို့အလုပ်ခွင်နဲ့ လိုက်ဖက်ညီတဲ့ တန်ကေးဘောင်းဘီပါပဲ။ တလောက သူတို့ သူဌေးကိုယ်တိုင်ဆင်းလာပြီး လုပ်အားအပိုကြေး ဘောက်ဆူးပေးထားတဲ့ နှင်းဆီ စပရေးကို ချိုင်းလည်ပင်းမကျန်ဆွတ်လိုက်တယ်။ ပြီးတော့ တစ်ယောက်စီးစက်တပ် စပိဘုတ်ကလေး ကိုစက်နှိုးပြီး မော်တုန်းကြီးရွာဘက် လှေဦးလှည့်လိုက်တော့တယ်။

ရေပြင်ရေသားကို စက်အားနဲ့ ထိုးခွဲရုန်းငင်နေတဲ့ လှေကလေးပေါ်ကနေ သိပ်မကြာခင် အချိန် ကလေးမှာပဲ မော်တုန်းကြီးရွာ အငူထိပ်မှာပေါ်လာတဲ့

လှုပ်လီလှုပ်လဲ့ကလေးကို မြင်တွေ့လိုက်ရပါ တော့တယ် ။ အဲဒီ လှုပ်လီလှုပ်လဲ့ကလေးဟာ သူ့ရဲ့ မျက်ဝန်းလဲ့ပြာပြာကလွဲရင် ဘယ်သူဖြစ်နိုင်ဦးမှာ တဲ့လဲ။

ပင်လယ်ထဲ ကျောက်ငါးမျှားထွက်ရလွန်းလို့ သူ့ရဲ့လုံကလေးဟာ အသားတွေညိုညစ်လာပေ မယ့် မျက်ဝန်းတွေကတော့ အရင်လိုပဲ လဲ့လဲ့ပြာနေဆဲလို့ ကိုခင်မောင်လှ စိတ်ထဲထင်နေဆဲပါ။

**ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း**
**စက်တင်ဘာလ၊ ၂၀၀၂ ခုနှစ်**

*